# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၇)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (16-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၇၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဥတ္တရသီရိရေလှောင်တမံနှင့် အလုပ်သမားဝန်ကြီးဌာနရုံးပတ်လမ်း၊ မြေထိန်းနံရံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဥတ္တရသီရိရေလှောင်တမံနှင့် အလုပ်သမားဝန်ကြီးဌာနရှိ ရုံးပတ်လမ်း၊ မြေထိန်းနံရံများ

စာမျက်နှာ ၁၆ ကော်လံ ၁

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဥတ္တရသီရိရေလှောင်တမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားမြှင့်တင်ရေးပြခန်း ရုရှားနိုင်ငံသားများ အထူးစိတ်ဝင်စားမှုရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကား

စာမျက်နှာ- ၃၂



# ဝမ်းတွင်းမြို့နယ် သံဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ သံဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သံဘိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၆ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၃၃ ဒသမ ၁၅ သန်းနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ရွှေဘိုမြို့နယ် ဘုန်းကုန်းကျေးရွာနေ သီလရှင် ဒေါ်သုစာရီညီအစ်မတို့က ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၈ ဒသမ ၀၇ တင်းထွက်ရှိ



**ယင်းမာပင် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးယင်းမာပင်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၀၇ တင်းထွက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၄၉၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ယခုနှစ် မေလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်း ၃၄၉၉ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နှမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၃၇၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၈၈၅ ဧက၊ ပုလဲမြို့နယ်တွင် ၂၃၅ ဧက စုစုပေါင်း ၃၄၉၉ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် ယားကြီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကြီးကျေးရွာအုပ်စု ယားကြီးကျေးရွာ၌ သတ္တမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိစေနိုင်ရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ယားကြီးကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၉၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များနှင့်အတူ ယားကြီးကျေးရွာ၌ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇွန်လအတွင်း ဒီဘက်ကနေ ညှော့မထဆန်အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ညှော့မထဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဇွန်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ညှော့မထဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ရေကြည်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော့မထဆန် ၂၄ ပြည်ဝင်အိတ် တစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံသံပျင် ခြောက်ဦး၏ အလှူကျောက်စာ

မောင်သာ(ရွှေဟောင်းသုတေသန)

ပုဂံယဉ်ကျေးမှုနယ်မြေ မင်းနန်သူရွာမြောက်ဘက်တွင်တည်ရှိသည့် ဝိနည်းမိုရ်ဘုရားစုသည် ပုဂံဘုရားဖူးများ အရောက်အပေါက်နည်းပါးသည့် နေရာတစ်နေရာဖြစ်ပြီး ဂူဘုရားများရှိနေသည်။ ဤဂူဘုရားများအစုကို ဝိနည်းမိုရ်အစုဟုခေါ်ဝေါ်ခြင်းမှာ ဤတစ်ဝိုက်တွင်တွေ့သောကျောက်စာများတွင် ဖုန်းမြတ်သဝိနည်းမိုရ်ကျောင်းဟုလည်းကောင်း၊ သခင်ဝိနည်းမိုရ်ကျောင်းဟုလည်းကောင်း၊ သခင်ဝိနယထေရ်ကျောင်းဟုလည်းကောင်း ပါရှိသောကြောင့်ဖြစ်သည်ဟု ပုဂံသုတေသနလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည်။

သက္ကရာဇ် ၅၈၃ ခုနှစ်၊ ၅၈၆ ခုနှစ်၊ ၅၈၉ ခုနှစ်၊ ၆၀၅ ခုနှစ်၊ ၆၁၅ ခုနှစ်၊ ၆၁၈ ခုနှစ်ကာလများဖြစ်သော နားတောင်းများမင်း၊ နရသိင်္ခဥစ္စနာမင်း၊ ကျစွာမင်း၊ ဥစ္စနာမင်း၊ နရသီဟပတေ့မင်းတို့ လက်ထက်တွင် ဤတစ်ဝိုက်၌ သခင်ဝိနည်းမိုရ်ဟု အရေးပါသောအမည်တွင်နေသည့်မထေရ် သီတင်းသုံးရာဒေသဌာနဖြစ်သည်ဟုလည်း ဖော်ပြထားသည်။

**ဝိနည်းမိုရ်ဘုရားစုကျောက်စာများ**

ဝိနည်းမိုရ်ဘုရားသည် ပုဂံစေတီပုထိုးစာရင်းအမှတ်(၆၅၉)ဖြစ်သည်။ ဝိနည်းမိုရ်ဘုရားစုမှ ကျောက်စာခြောက်ချပ်ကို တွေ့ရှိခဲ့သည့်အနက် နှစ်ချပ်ကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ထိန်းသိမ်းထားသည်။ ကျန်ကျောက်စာလေးချပ်သည် လေးမျက်နှာဂူဘုရားတွင်တစ်ချပ်၊ သမ္ဗုဒ္ဓေဂူဘုရားတွင် တစ်ချပ်နှင့် ဝိနည်းမိုရ်ဘုရားတွင် နှစ်ချပ်ရှိသည်။

ဝိနည်းမိုရ်ဘုရား၏အရှေ့မြောက်ဘက် ၁၅ ကိုက်အကွာမှရရှိခဲ့သည့် ကျောက်စာသည် အပြည့်အစုံမပါရှိသည့် အပိုင်းအစတစ်ခုဖြစ်သည်။ သို့သော် ကျောက်စာတွင်ရေးထိုးထားသည့် စာသားများအနက် ကျိန်စာနှင့်ဆုတောင်းစာများသာ ကျန်ရှိနေသည်။ ထိုစာသားကိုဖတ်၍ ရသမျှဆက်စပ်ဖတ်ရာတွင် "ငါ့အလှူကိုဖျက်ဆီးသောသူကား လူလူချင်းမတူသောအကျိုးပေးအဖြစ် ငရဲတွင် တစ်ဖန်ခံရပါစေ၊ ၅ ရက်တစ်ကြိမ် အသက်မသေသေးသမျှကာလပတ်လုံး စားရမဲ့သောက်ရမဲ့ဖြစ်ပါစေ၊ ဤသို့ ငါလှူဒါန်းသည်ကို ဝမ်းသာအားရ အရေးတယူရှိကြသောသူဖြစ်ဖြစ်၊ မြင်သိကြသူဖြစ်ဖြစ် ငါနှင့်ထပ်တူ အကျိုးကျေးဇူးခံစားရပါစေသတည်း၊ နိဗ္ဗာန်ဆုကို တောင်းပါသည်၊ ဘုရား၏တရားတော်ကို အမြဲမပြတ်ကြားနာရသူဖြစ်ပါစေ"ဟု ဆုတောင်းခဲ့ဟန်ရှိကြောင်း သမိုင်းပညာရှင် ဆရာဦးနီတွတ်က အက္ခရာဖလှယ်ကာ ခေတ်သုံးမြန်မာစကားဖြင့် အဓိပ္ပာယ်ပြန်ဆိုခဲ့သည်။

အခြားကျောက်စာငါးချပ်မှာ သံပျင်များအလှူကျောက်စာ၊ ဖုန်သည် အသင်္ခယာလင်မယားအလှူကျောက်စာ၊ သခင်ဝိနယကျောင်း ကျွန်အလှူကျောက်စာ၊ တကာကြီးနှမလင်မယား၏ သခင်ဥပါလိကျောင်းဆောက်အလှူကျောက်စာနှင့် သခင်ဖကြီးသမန္တသူမယားဂူဘုရားတည်ပြီး ဘုရားသို့ကျွန်အလှူကျောက်စာတို့ဖြစ်သည်။

ထိုကျောက်စာများအနက် ပုဂံခေတ်သံပျင်များ၏ အလှူမှတ်တမ်းသည် ထူးခြားသောကျောက်စာတစ်ချပ်ဖြစ်၍ ၅၃ နှစ်ကျော်ကာလအတွင်း သံပျင်ခြောက်ဦး ပြုလုပ်ခဲ့သည့် အလှူစာရင်းဖြစ်သည်။

**ပုဂံခေတ်ကလန်နှင့် သံပျင်**

ပုဂံခေတ်အုပ်ချုပ်ရေးစနစ်တွင် တာဝန်ထမ်းဆောင်သည့် ရာထူးအဆင့်ဆင့်တွင် ကလန်၊ သံပျင်များလည်းပါဝင်ခဲ့သည်။ သံပျင်သည် ကျေးရွာကိုအုပ်ချုပ်သူဖြစ်၍ ကလန်သည် ကလန်အမတ်၊ ရွာကိုအုပ်ချုပ်သူဟု ဆိုလိုသည်။

ပုဂံဘုရင် ကျန်စစ်သားသည်ပင် ကလန်စစ်သားဖြစ်၍ ကျေးရွာဒေသတစ်ခုတွင် အကြောင်းခြင်းရာတစ်ခုခုကို စစ်ဆေးရသူဟုလည်းဆိုသည်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ကလန်သည် အခွန်အကောက်နှင့် မှုခင်းစစ်ဆေးသူဖြစ်နိုင်ကြောင်း ယူဆခဲ့သည်။

ကလန်၊ သံပျင်သည် မွန်စကား ကလန်သဲမ်ဗေင်မှ ဆင်းသက်လာသည့်ဝေါဟာရဖြစ်သည်။ ကလန်၊ သံပျင်ရာထူးကို အမျိုးသားအရာရှိကို ခန့်ထားသကဲ့သို့ အမျိုးသမီးအရာရှိကိုလည်း ခန့်ထားကာ မြို့နယ်အဆင့်နေရာဒေသတစ်ခုကို ကြီးကြပ်အုပ်ချုပ်ရသူလည်းဖြစ်၍ ကလန်သည် သံပျင်လောက်အဆင့်မမြင့်ဟု ယူဆကြသည်။



ဝိနည်းမိုရ်ဂူဘုရားကို တွေ့ရစဉ်။

သံပျင်များသည် ပုဂံခေတ်မင်းမှုထမ်းများအနက် ထိပ်ဆုံးနေရာတွင် မရှိခဲ့သော်လည်း အလယ်အလတ်တန်းမင်းမှုထမ်းများဖြစ်မည်ဟု ခန့်မှန်းကြသည်။

**သံပျင်များ၏ အလှူကျောက်စာ**

ဝိနည်းမိုရ်ကျောင်းသို့ သံပျင်များအလှူဒါနပြုသည့်မှတ်တမ်းကျောက်စာကို မြန်မာတိုင်းရင်းကျောက်စာများစာအုပ်(တတိယထုတ်)၌ ဖော်ပြထားရာ စာကြောင်းရေ ၂၈ ကြောင်း ရေးထိုးထားသည်။

ကျောက်စာတွင် သံပျင်ခြောက်ဦးလှူဒါန်းခဲ့သည့် အလှူများကို မှတ်တမ်းတင်ရေးထိုးထားသည်။ ပထမပိုင်းတွင် သံပျင်ကြည်စင်လင်မယားက သက္ကရာဇ် ၅၈၃ ခုနှစ် သရဝန်နှစ် တော်သလင်းလဆုတ် ၁၄ ရက် သောကြာနေ့တွင် ပိဋကသုံးပုံ ရေးကူးလှူဒါန်းမှုကိုဖော်ပြထားသည်။ ထိုအချိန်သည် နားတောင်းများမင်း(၁၂၁၁-၁၂၃၁) နန်းတက်ပြီး ၁၀ နှစ်အကြာဖြစ်သည်။

အလှူရှင်များသည် သခင်ဝိနည်းမိုရ်ကို အိမ်သို့ပင့်ဖိတ်ပြီး ပိဋကတ်တော်များ လှူဒါန်းခဲ့သည်။ ဝိနည်းမိုရ်သည် ရဟန်းသံဃာများကြားဖြစ်ပွားသည့် ဝိနိစ္ဆယအမှုအခင်းများကို ဝိနည်းကျမ်းနှင့်အညီ အဆုံးအဖြတ်ပေးသည့် ဆရာတော်ဖြစ်သည်။ ထို့ကြောင့် အလှူရှင်လင်မယားသည် သံဃာ့အရေးကိစ္စများကိုဖြေရှင်းရာတွင် အထောက်အပံ့ဖြစ်စေရန် ဝိနည်းမိုရ်ဆရာတော်ကို ပိဋကတ်တော်များလှူဒါန်းခြင်းဖြစ်နိုင်ကြောင်း မှန်းဆရသည်။ ပုဂံခေတ်တွင် ရဟန်းသံဃာများကို သခင်ဟု ဘွဲ့မည်ခေါ်ဆိုလေ့ရှိသဖြင့် သခင်ဝိနည်းမိုရ်ဟု ရေးထိုးခဲ့ခြင်းလည်းဖြစ်သည်။

ထိုနေ့မှာပင် ပိုတက်သိမ်မြောက်ဘက်ရှိ လယ်ပယ် ၂၀ ကို လှူဒါန်းခဲ့သည်။ ထိုလယ်များသည် မင်းသမီးကောက်နွယ်သည်ထံမှဝယ်ခဲ့သည့် လယ်များဖြစ်သည်။ အလှူရှင်လင်မယားသည် ပိဋကတ်တော်များကို အလုပ်အကျွေးပြုရန် ကျွန်အမျိုးသား ၁၀ ယောက်ကိုလည်း လှူဒါန်းခဲ့သည်။

ကျောက်စာတွင် ထိုကျွန်များ၏ အမည်များကို ရေးထိုးထားပြီး လယ်ပယ် ၂၀၊ ကျွန် ၁၀ ယောက်ဖြစ်သဖြင့် ကျွန်တစ်ယောက်လျှင် လယ်နှစ်ပယ်တာဝန်ယူလုပ်ကိုင်ရသည့်သဘောဖြစ်မည်ဟု ယူဆရသည်။ အလှူရှင်လင်မယားက လယ်နှင့်ကျွန်များ လုယက်စားသောက်သူများကို အဝီစိငရဲတွင် ကျက်ပါစေဟု ကျိန်ဆိုခဲ့သည်။

ကျောက်စာပါ ဒုတိယအလှူရှင်သည် သံပျင်ရွှေညောင်၏မြေး ငါညောင်သင်ဖြစ်သည်။ ငါညောင်သင်သည် နရသိင်္ခဥစ္စနာမင်း(၁၂၃၁-၁၂၃၅)လက်ထက် သက္ကရာဇ် ၅၉၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက် ကြာသပတေးနေ့တွင် သခင်ဝိနည်းမိုရ်ကျောင်း၌ရှိသောဘုရားကို လယ်မြေများလှူဒါန်းခဲ့သည်။ ထိုလယ်များသည် မြားပစ်တောင်အနောက်ဘက်ရှိ သံပျင်ငါရစ်သင်၏ မြေစာရင်းတွင်ပါရှိသော လယ်ပယ် ၃၀ နှင့် မန်ကျည်းတိမ်အရှေ့ဘက်ရှိ သံပျင်ဗိသနော၏ မြေစာရင်းထဲမှ လယ်ပယ် ၂၀ စုစုပေါင်း လယ်ပယ် ၅၀ ဖြစ်သည်။ အလှူရှင်က "ငါ လှူသောလယ်ကို ဖျက်သောသူကား အဝီစိငရဲတွင်ကျက်ပါစေ၊ ပွင့်သမျှဘုရားအဆူဆူကို ဖူးမြော်ခွင့်မကြုံရပါစေ"ဟုကျိန်ဆိုခဲ့သည်။

တတိယအလှူရှင် သံပျင်သည် ကောင်စင်ဖြစ်သည်။ သံပျင်ကောင်စင်သည် သက္ကရာဇ် ၅၉၈ ခုနှစ် ကြတိုက်နှစ် တပေါင်းလဆန်း ၇ ရက် တနင်္လာနေ့တွင် ဂူဘုရားတစ်ဆူ (ယခု ပုဂံစေတီပုထိုးစာရင်းအမှတ်-၆၄၇) ကို တည်ဆောက်လှူဒါန်းခဲ့သည်။ ထိုအချိန်သည် ပုဂံဘုရင်ကျစွာမင်း (၁၂၃၅-၁၂၄၉)လက်ထက်ဖြစ်သည်။ အလှူရှင်က ထိုဂူဘုရားကို အလုပ်အကျွေးပြုရန် ပုရန်ကြီးနှင့် ပုရန်ငဲ အမည်ရှိ ကျွန်ညီအစ်ကိုနှစ်ယောက်နှင့် မြင်းခုန်တိုင်ရွာအရှေ့တောင်ထောင့်တွင်ရှိသော လပတ်ရွာ အရှေ့တောင်ဘက်မှ လယ်ပယ် ၇၀ ကို လှူဒါန်းခဲ့သည်။

အလှူရှင်သံပျင်က "ဤငါလှူသော အကျိုးကားမင်းကြီးစသော သဗ္ဗသတ္တဝါအားလုံး ရကြပါစေ" ဆုတောင်းပြီး "ဖျက်ဆီးလုယက်စားသောက်သူကား အဝီစိတွင်ကျက်ပါစေသတည်း"ဟု ကျိန်ဆိုခဲ့သည်။

ဝိနည်းမိုရ်ကျောင်းတိုက်၏ စတုတ္ထအလှူရှင် သံပျင်သည် ကင်္ဂဝိကြံနှင့် မယားဖြစ်သည်။ အလှူရှင်လင်မယားသည် သက္ကရာဇ် ၆၀၂ ခုနှစ် ဖလကုန်နှစ် ကဆုန်လဆန်း ၇ ရက် ကြာသပတေးနေ့တွင် ကုလားကျောင်းတစ်ကျောင်းကို တည်ဆောက်လှူဒါန်းခဲ့သည်။ ထိုကုလားကျောင်းသည် ယခု ပုဂံစေတီပုထိုးအမှတ်(၆၄၆)ဖြစ်၍ အလှူရေစက်ပွဲတွင် စကုလယ် ၁၅ ပယ်ကို လှူဒါန်းခဲ့သည်။

ဝိနည်းမိုရ်ကျောင်းတိုက်၏ ပဉ္စမအလှူရှင် သံပျင်သည် ကင်္ဂဝိကြံနှင့်မယားပင်ဖြစ်သည်။ အလှူရှင်လင်မယားသည် ကုလားကျောင်းတည်ဆောက်လှူဒါန်းပြီး ၁၄ နှစ်အကြာ ဥစ္စနာမင်း(၁၂၄၉-၁၂၅၆)လက်ထက် သက္ကရာဇ် ၆၁၅ ခုနှစ် စယ်နှစ် နတော်လဆုတ် ၃ ရက် ကြာသပတေးနေ့တွင် ဂူဘုရားတစ်ဆူကို ထပ်မံတည်ဆောက်လှူဒါန်းခဲ့သည်။ ဂူဘုရားအတွင်း၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူကို ထည့်သွင်းပူဇော်၍ ဂူမျက်နှာလေးဖက်နံရံများ၌ ဗုဒ္ဓဆင်းတု ၄၀၀၀ ကို ဆေးရေးခြယ်ကာ ပုံတော်များအောက်၌ ဇာတ်တော်များကို ဆေးရေးခြယ်ခဲ့သည်။ ကျွန် ၁၀ ယောက်ကိုလည်း ဘုရားသို့လှူဒါန်းခဲ့သည်။ သို့သော် ကျွန်အမည်များတွင် ကိုးယောက်အမည်ကိုသာ ရေးထိုးထားသည်။ အလှူရှင်လင်မယားသည် သရပိုယ်၊ သခင်ဝိနည်းမိုရ်ကျောင်းသို့လည်း လယ်မြေ ၄၁၂ ပယ်ခွဲကို သီးခြားလှူဒါန်းခဲ့သည်။

ဆဋ္ဌမအလှူရှင်သံပျင်သည် ကင်္ဂဝိကြံမယားဖြစ်သည်။ အလှူရှင်က ငါရစ်သင်၏မယား သေဆုံးသဖြင့် နရသီဟပတေ့မင်း(၁၂၅၆-၁၂၈၇)လက်ထက် သက္ကရာဇ် ၆၃၆ ခုနှစ် ဖုသနှစ် နတ်တော်လဆုတ် ၁၁ ရက် အင်္ဂါနေ့တွင် ရတနာသုံးပါးကို ရည်မှန်းလျက် လယ်များကို လှူဒါန်းခဲ့ပြန်သည်။ လှူဒါန်းသည့် လယ်စုစုပေါင်းသည် ၅၅ ပယ်ဖြစ်၍ မြားပစ်တောင်အနောက်ဘက်မှ လယ်ပယ် ၃၀ နှင့် ကြက်စိမ်းရွာအရှေ့ ငံစွန်ရွာတောင် မြောင်းကြီးအရှေ့ဘက်မှ လယ် ၂၅ ပယ်ဖြစ်သည်။ ထိုလယ်များကို နရသိန်းစည်း၊ မနောရစသား ငါစည်းစိမ်သင်၊ အတွင်းရွှေနှင့် ငါလိမ္မာသင်တို့ရှေ့မှောက်၌ ရေစက်သွန်းချလှူဒါန်းခဲ့သည်။

အလှူရှင်သည် မိမိအလှူအတွက် ဆုတောင်းစာကို "ဤ ငါ၏ အလှူအကျိုးကျေးဇူးကား ပြည်ကြီးအသျှင်မင်းကြီးလည်းရပါစေသတည်း။ သတ္တဝါခပ်သိမ်းလည်း ရကြပါစေသတည်း။ ငါအတွက်လည်း သဗ္ဗညုတဉာဏ်ရရှိရေးအတွက် အထောက်အပံ့ဖြစ်ရပါလို၏။ သံသရာကျင်လည်သမျှကာလပတ်လုံး ဆင်းရဲခြင်းမဖြစ်ပါစေနှင့်။ နှစ်ခါပြန်မခံစားရပါစေနှင့်"ဟု ရေးထိုးခဲ့သည်။

ဝိနည်းမိုရ်လေးမျက်နှာဂူဘုရားတွင် ရှိသည့်ကျောက်စာသည် သက္ကရာဇ် ၅၈၃ ခုနှစ်မှ သက္ကရာဇ် ၆၃၆ ခုနှစ်ကြား ၅၃ နှစ်ကျော်ကာလတွင် သံပျင်မိသားစုများက ခြောက်ကြိမ်တိုင်ပြုခဲ့သည့် အလှူမှတ်တမ်းကျောက်စာဖြစ်သည်။ သံပျင်များ၏လှူဒါန်းမှုအစုစုတွင် ပိဋကတ်ရေးကူးခြင်း၊ လယ်များလှူခြင်း၊ ဂူဘုရားတည်ခြင်း၊ ကုလားကျောင်းတည်ခြင်း၊ လယ် ၆၂၂ ပယ်ခွဲနှင့် ကျွန် ၂၂ ယောက် ပါဝင်ခဲ့သည်။

ပုဂံဘုရင်ငါးပါးလက်ထက်တွင် သံပျင်များအလှူကောင်းမှုပြုခဲ့သည့် ဝိနည်းမိုရ်ကျောင်းသည် သံပျင်အဆက်ဆက်ကိုးကွယ်ခဲ့သည့် သခင်ဝိနည်းမိုရ် သီတင်းသုံးခဲ့သည့်ကျောင်းဖြစ်ကြောင်း ကျောက်စာအထောက်အထားများအရ မှန်းဆကြည့်နိုင်မည်ဖြစ်သည်။ ကလန်များက အလှူခြောက်ကြိမ်ပြုခဲ့သော်လည်း ကျောက်စာတိုင်ခြောက်တိုင်မရှိခဲ့ခြင်းသည်လည်း ထူးခြားမှုတစ်ခုဖြစ်သည်။

ထိုကျောက်စာကို သက္ကရာဇ် ၆၃၆ ခုနှစ် နောက်ပိုင်းတွင် ရေးထိုးခဲ့ခြင်းဖြစ်၍ ရှေ့က သံပျင်များပြုခဲ့သည့် ကုသိုလ်ကောင်းမှုအစုစုကို နောက်ဆုံးအလှူရှင်က မှတ်တမ်းတင်ရေးထိုးခဲ့ဟန်ရှိကာ ပုဂံကျောက်စာများအနက် ထူးခြားသောကျောက်စာတစ်ချပ်ဟု ယူဆမိပေသည်။

**ကိုးကား**


- မြန်မာတိုင်းရင်းကျောက်စာများ (တတိယထုတ်)
- ရှေးမြန်မာကျောက်စာလေ့လာချက် အတွဲ (၄) (နီတွတ်)
- ပုဂံသုတေသနလမ်းညွှန်(ဦးဗိုကေ)
- ပုဂံဆက် မြန်မာရာဇဝင် (ဒေါက်တာသန်းထွန်း)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ရွှေဘို ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ကေ ၂၄၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲစင်းငုံကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့ စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်း အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ကျုံပျော်မြို့နယ် ရွာသာယာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျုံပျော် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် တိုက်ရွာကျေးရွာအုပ်စု ရွာသာယာကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကွီးနှင့် တာဝန်ခံ အင်ဂျင်နီယာများက ရွာသာယာကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ကျုံပျော်မြို့နယ် ရွာသာယာကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ခန့်ရှိ တွင်းနက်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၅ သန်းအသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ရွာသာယာကျေးရွာရှိ အိမ်ခြေ ၁၉၃ အိမ်မှ လူဦးရေ ၈၃၁ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေ အဆင်ပြေသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကွီးထံမှ သိရသည်။ **ကိုပြည့်**

## ဘဝရေး လှပဖို့

\- စည်းလုံးမှု မပျက်ယွင်း
ချစ်ခြင်းဖြင့် ရှေ့ဆက်မယ်၊
ခက်ခဲတွေ မကြောက်တမ်း
လျှောက်လှမ်းစို့ကွယ်၊
ဖွဲ့ လုံ့လ ဝီရိယကြွယ်
ရှိကြဖွယ် သိတရား၊
မြော်မြင်ကာ သုံးသပ်လျက်
ဆုံးဖြတ်ကာသွား။

\- အဖျက်ရန်ကို သတိထား
ရှောင်ရှားကြ သွေးကွဲမှု၊
လူလူချင်း မေတ္တာပွား
သနားကြည်ဖြူ၊
ဘဝလမ်းတွက် မညည်းညူ
လက်တွဲကူ ပြုံးမပျက်၊
တတ်ပညာ ဗဟုသုတ
ပြည့်ဝစေလျက်။

\- ကြိုးစားမှု စဉ်မပျက်
ရှေ့ဆက်၍ ရိုးသားစွာ၊
မူးယစ်လွှာ လောင်းကစား
ရှောင်ရှားကာသာ၊
ကျင့်သီလ စောင့်ထိန်းကာ
ကောင်းမွန်ရာ ဘဝရေး၊
ပတ်ဝန်းကျင် အလှလွှမ်းလို့
ငြိမ်းချမ်းစေလေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ဆီးရီးယားရှိ ဒရုဇ်လူမျိုးများကိုကာကွယ်ရန် လေကြောင်းတိုက်ခိုက်မှု အစ္စရေးပြုလုပ်

ဂျေရုဆလင် ဇူလိုင် ၁၅

ဆီးရီးယားနိုင်ငံ တောင်ပိုင်း ဝီဒါဒေသရှိ ဒရုဇ်လူမျိုးများကို ကာကွယ်ရန် ဆီးရီးယားအစိုးရတပ်များကို အစ္စရေးနိုင်ငံက ယနေ့တွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံတောင်ပိုင်းရှိ ဒရုဇ်လူမျိုးစုကို အကာအကွယ်ပေးရေးအတွက် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဒရုဇ်လူမျိုးများ အများဆုံးနေထိုင်သည့် ဝီဒါမြို့၌အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်နေချိန်တွင် အစ္စရေးနိုင်ငံက ဆီးရီးယားအစိုးရတပ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဝီဒါမြို့ရှိ ဒရုဇ်လူမျိုးများကို ဆီးရီးယား အစိုးရတပ်များက အကြမ်းဖက်မှုများ ကျူးလွန်နေကြောင်း အစ္စရေးတပ်မတော်က ပြောကြားထားသည်။

ဆီးရီးယားအစိုးရတပ်များနှင့် ဒရုဇ်လူမျိုးများကြား ရယူထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အစိုးရတပ်များက ချိုးဖောက်နေကြောင်း ဒရုဇ်လူမျိုးအကြီးအကဲ အယ်လ်ဟာရီက ပြောကြားထားသည်။

ဝီဒါဒေသသည် ဒရုဇ်လူမျိုးများနှင့် ဘီဒိုးအင်းလူမျိုးများ အပြန်အလှန် တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့်နေရာဖြစ်သည်။

အဆိုပါ အခြေအနေကို ထိန်းသိမ်းရေးအတွက် ဇူလိုင် ၁၄ ရက်တွင် ဝီဒါဒေသသို့ရောက်ရှိလာသော ဆီးရီးယားအစိုးရတပ်များမှာလည်း ဒရုဇ်လက်နက်ကိုင်အုပ်စုများနှင့် ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း သိရသည်။ Ref : RT

Trs : KKO

## အင်ဒိုနီးရှား၌ အမြန်ရေယာဉ်တိမ်းမှောက် ကလေးသုံးဦးအပါအဝင် ၁၁ ဦးပျောက်ဆုံး

ဂျကာတာ ဇူလိုင် ၁၅

အင်ဒိုနီးရှားနိုင်ငံ မင်တာဝေ ကျွန်းစု ကမ်းလွန်ရေပြင်အတွင်း ဇူလိုင် ၁၄ ရက်က အမြန်ရေယာဉ် တစ်စီးတိမ်းမှောက်ခဲ့ရာ ကလေးသုံးဦးအပါအဝင် ၁၁ ဦးပျောက်ဆုံးနေကြောင်း သိရသည်။

ယင်း အမြန်ရေယာဉ်သည် ခရီးသည် ၁၆ ဦး၊ ရေယာဉ်ဝန်ထမ်းနှစ်ဦးတို့နှင့်အတူ မင်တာဝေကျွန်း ဆီကာကတ်မြို့ဆိပ်ကမ်းမှစတင်ထွက်ခွာခဲ့ပြီးနောက် ဆီပိုရာ ရေလက်ကြားရေပြင်၌ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ် တိမ်းမှောက်ခဲ့ပြီးနောက် ကယ်ဆယ်ရေးသမားများက ရေယာဉ်ဝန်ထမ်းနှစ်ဦး အပါအဝင် လူပေါင်း ခုနစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ယင်း အမြန်ရေယာဉ်ငယ်သည် မုန်တိုင်းတိုက်ခတ်နေစဉ် လှိုင်းရိုက်မှုကြောင့် တိမ်းမှောက်ခဲ့ရခြင်းဖြစ်ကြောင်း အသက်ရှင်ကျန်ရစ်သူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အင်ဒိုနီးရှား ရှာဖွေ ကယ်ဆယ်ရေးသမားက ဒေသခံရေလုပ်သားများအကူအညီဖြင့် ပျောက်ဆုံးနေသူများကို ရှာဖွေနေဆဲဖြစ်သည်။


ကျွန်းပေါင်း ၁၇၀၀၀ကျော်ဖြင့် ဖွဲ့စည်းထားသည့် အင်ဒိုနီးရှားနိုင်ငံ၌ ရေလမ်းခရီးအသုံးများသည်နှင့်အမျှ ရေကြောင်း မတော်တဆမှုများလည်း မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ် ပေကျင်းမြို့၌ တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံ



ပေကျင်း ဇူလိုင် ၁၅

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ပေကျင်းမြို့၌ တွေ့ဆုံခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရေးအတွက် ပေကျင်းမြို့သို့ရောက်ရှိနေချိန်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးက တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီးလက်ဗရော့ဗ်သည် ရုရှားသမ္မတပူတင်၏ နှုတ်ခွန်းဆက်စကားများကို တစ်ဆင့်ပြန်ကြားခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယင်းအပြင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့သည် ရုရှားသမ္မတပူတင်၏ တရုတ်ခရီးစဉ်အပါအဝင် နှစ်နိုင်ငံ နိုင်ငံရေးဆက်ဆံမှုပုံစံများနှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

ရုရှားသမ္မတ ပူတင်သည် ယခုနှစ် စက်တင်ဘာလအတွင်း အက်စ်စီအိုထိပ်သီးညီလာခံတက်ရောက်ရေးအတွက် တရုတ်နိုင်ငံသို့ လာရောက်မည်ဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း ရုရှားသမ္မတပူတင်သည် တရုတ်သမ္မတနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ကိုစစ်နိုင်မှုအထိမ်းအမှတ် အခမ်းအနားများတွင်လည်း ပါဝင်တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နိုင်ငံ၏ ယခုနှစ်ဒုတိယသုံးလပတ် စီးပွားရေးဖွံ့ဖြိုးနှုန်း ၅ ဒသမ ၂ ရာခိုင်နှုန်းထိရှိ

ပေကျင်း ဇူလိုင် ၁၅

တရုတ်နိုင်ငံ၏ ယခုနှစ်ဒုတိယသုံးလပတ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ မျှော်မှန်းထားသည်ထက်ပို၍ အားကောင်းခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။



တရုတ်အစိုးရက ယနေ့ထုတ်ပြန်ခဲ့သော အချက်အလက်များအရ ယခုနှစ်ဧပြီလမှဇွန်လထိ အကျုံးဝင်သော သုံးလတာကာလအတွင်း တရုတ်နိုင်ငံ၏ စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)တိုးနှုန်းမှာ ၅ ဒသမ ၂ ရာခိုင်နှုန်းထိရှိခဲ့ပြီး ယမန်နှစ်အလားတူကာလကထက် မြင့်မားလာခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ တရုတ်နိုင်ငံ၏ ယခုနှစ် ဒုတိယသုံးလပတ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ဘောဂဗေဒပညာရှင်အများအပြား ခန့်မှန်းထားသည်ထက် မြင့်မားခဲ့ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားထားသည်။

တရုတ်နိုင်ငံ၏ယခုနှစ်ဒုတိယ သုံးလပတ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၅ ဒသမ ၁ ရာခိုင်နှုန်းထိသာရှိနိုင်ကြောင်း ဘောဂဗေဒပညာရှင်များက ယခင်ကခန့်မှန်းထားသည်။

အမေရိကန်အစိုးရက တရုတ်ထုတ်ကုန်များအပေါ် အခွန်စည်းကြပ်မှုများ ပြုလုပ်ထားသည့်တိုင် ယခုနှစ် ဒုတိယသုံးလပတ်စီးပွားရေးဖွံ့ဖြိုးနှုန်းမှာ မျှော်လင့်ထားသည်ထက် ပိုမိုအားကောင်းလာခြင်းဖြစ်သည်။

တရုတ် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုကော်မတီသည် ယခုလကုန်ပိုင်းတွင် ကျင်းပမည့် အစည်းအဝေး၌ ၂၀၂၅ ခုနှစ် လက်ကျန်လများအတွက် စီးပွားရေးမူဝါဒများ ချမှတ်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နိုင်ငံခြားသားများ ပါဝင်ပတ်သက်နေသည့် ပြဿနာများအတွက် စီမံအုပ်ချုပ်ရေးဌာနသစ်တစ်ခု ဂျပန်အစိုးရဖွင့်လှစ်

တိုကျို ဇူလိုင် ၁၅

မကြာသေးမီ ကာလအတွင်း နိုင်ငံခြားသား အရေအတွက် ရုတ်တရက် မြင့်တက်လာမှုကြောင့် အများပြည်သူများ၏ စိုးရိမ်စိတ်ကို လျှော့ချရေးအတွက် စီမံအုပ်ချုပ်ရေးဌာနသစ်တစ်ခုကို ဂျပန်နိုင်ငံက ယနေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါဌာနသည် နိုင်ငံခြားသားများပါဝင်ပတ်သက်နေသော ရာဇဝတ်မှုများကဲ့သို့ ပြဿနာများကို လက်ခံဖြေရှင်းမည်ဖြစ်ကြောင်း ဂျပန်အစိုးရက သတင်းထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံသည် တင်းကျပ်သည့်လူဝင်မှုဥပဒေများကျင့်သုံး၍ ဂျပန်လူမျိုး လူဦးရေကိုထိန်းထားရန် ကြိုးပမ်းခဲ့သည့်နိုင်ငံဖြစ်သည်။

သို့ရာတွင် ဂျပန်လူဦးရေကျို့ဝင်လာမှုနှင့် သက်ကြီးလူဦးရေ မြင့်တက်လာမှုတို့ကြောင့် ဂျပန်နိုင်ငံသည် လူဝင်မှုစည်းမျဉ်းများကို တဖြည်းဖြည်းလျှော့ချပေးခဲ့ရာ ဂျပန်ပြည်တွင်းသို့ ဝင်ရောက်လာသည့်နိုင်ငံခြားသားအရေအတွက်လည်း မြင့်တက်ခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဂျပန်နိုင်ငံသို့ရောက်ရှိနေသော နိုင်ငံခြားသားအရေအတွက်မှာ ၃ ဒသမ ၈ သန်း သို့မဟုတ် ဂျပန်လူဦးရေစုစုပေါင်း၏ သုံးရာခိုင်နှုန်းခန့်ထိ ရှိခဲ့သည်။

ဂျပန်ရောက် နိုင်ငံခြားသားများနှင့်ပတ်သက်နေသော ကိစ္စများကို ကိုင်တွယ်ရေးအတွက် ဌာနသစ်ဖွဲ့စည်းရေးကို လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ်များက အဆိုပြုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ဇူလိုင် ၁၄ ရက်တွင် တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်ကို တီယန်ကောင်အာကာသစခန်းသို့ အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း ဇူလိုင် ၁၅**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဇူလိုင် ၁၄ ရက်တွင် တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်ကို တီယန်ကောင်အာကာသစခန်းသို့ အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၁၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်ကို လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးနောက် လောင်မတ်ချ်-၇ ဒုံးပျံသည် တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်ကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက ထုတ်ပြန်ထားသည်။

တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်သည် တီယန်ကောင်းအာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် လောင်စာအပါအဝင် အထောက်အပံ့ပစ္စည်း ၇ ဒသမ ၂ တန်ကို သယ်ဆောင်သွားသည်။

တီယန်ကျိုး-၉ မစ်ရှင်သည် တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ကိုးကြိမ်မြောက် အာကာသ ထောက်ပို့မစ်ရှင်ဖြစ်ပြီး တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ပထမဆုံးသော တီယန်ကျိုးအာကာသ ကုန်တင်ယာဉ်ကို ၂၀၁၇ ခုနှစ်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## တရုတ်သိပ္ပံပညာရှင်များက ပျားများ၏ကျောကုန်း၌ ထိန်းချုပ်ရေးစနစ်တပ်ဆင်၍ ဦးနှောက်အတွင်းထိန်းချုပ်ခြင်းဖြင့် ဇီဝစက်ရုပ်အဖြစ် အသွင်ပြောင်းနိုင်ခဲ့

**ပေကျင်း ဇူလိုင် ၁၅**

တရုတ်သိပ္ပံပညာရှင်များသည် ပျားများ၏ ကျောကုန်း၌ ထိန်းချုပ်ရေးစနစ် တပ်ဆင်၍ ဦးနှောက်အတွင်း ထိန်းချုပ်ခြင်းဖြင့် ဇီဝစက်ရုပ်များအဖြစ် အသွင်ပြောင်းပေးနိုင်ခဲ့ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။




တရုတ်သိပ္ပံပညာရှင်များသည် ဆားတစ်ပွင့်၏ အလေးချိန်မျှသာရှိသော ထိန်းချုပ်ရေးစနစ်ကို ပျားများ၏ကျောကုန်းပေါ်တွင် တပ်ဆင်၍ ဦးနှောက်နှင့်ချိတ်ဆက်ပေးထားကြောင်း သိရသည်။

စမ်းသပ်မှုပြုလုပ်ရာတွင် ၎င်းထိန်းချုပ်ရေးစနစ်မှာ ၁၀ ကြိမ် စမ်းသပ်လျှင် ကိုးကြိမ်ထိ ကောင်းစွာ အလုပ်လုပ်ခဲ့ပြီး ပျားများမှာလည်း ထိန်းချုပ်ရေးစနစ်၏ လမ်းညွှန်ချက်များကို လိုက်နာပျံသန်းခဲ့ကြကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ပျား၏ကျောကုန်း၌ တပ်ဆင်ပေးထားသော ထိန်းချုပ်ရေးစနစ်တွင် ကင်မရာများ၊ အသံဖမ်းစနစ်များနှင့် အာရုံခံစနစ်များထည့်သွင်းထားနိုင်သည်ဖြစ်ရာ ပျားများအနေဖြင့် သတင်းအချက်အလက်များကို ရယူနိုင်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားထားသည်။

အရွယ်အစား သေးငယ်မှုကြောင့် ပျားဇီဝစက်ရုပ်များကို စစ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် လျှို့ဝှက်စွာအသုံးပြုနိုင်ကြောင်း သိရသည်။

ပျားဇီဝစက်ရုပ်များကို တရုတ်နိုင်ငံ ပေကျင်းမြို့အခြေစိုက် နည်းပညာအင်စတီကျူမှ သိပ္ပံပညာရှင်များက ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကြာသပတေးဂြိုဟ် ဝင်ရိုးစွန်းအနီးတွင် စွမ်းအင်ဆောင်လှိုင်းပုံစံသစ်တစ်မျိုးကို ရှာဖွေတွေ့ရှိ

**နယူးယောက် ဇူလိုင် ၁၅**

အမေရိကန် အမျိုးသား အာကာသအေဂျင်စီ (နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် ကြာသပတေးဂြိုဟ် အနီးတွင် စွမ်းအင် ဆောင်လှိုင်းပုံစံသစ်တစ်မျိုးကိုရှာ ဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၁၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အဆိုပါ စွမ်းအင်ဆောင်လှိုင်းပုံစံသစ်သည် ကြာသပတေးဂြိုဟ် ဝင်ရိုးစွန်း အလင်းရောင်များ၏ ဆန်းကြယ်သည့် သဘာဝကို လေ့လာရာတွင် အထောက်အကူပြုနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါစွမ်းအင်ဆောင်လှိုင်းသစ်များကို ကြာသပတေးဂြိုဟ်၏ ဝင်ရိုစွန်းများအနီးတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ ပြောကြားကြောင်း သိရသည်။

၎င်းစွမ်းအင်ဆောင်လှိုင်းများမှာ ရှေးယခင်က မတွေ့ရှိခဲ့ဖူးသော စွမ်းအင်ဆောင်လှိုင်းပုံစံသစ်များဖြစ်ကြကြောင်း သိပ္ပံပညာရှင်များအဆိုအရ သိရသည်။

ကြာသပတေးဂြိုဟ်ဝင်ရိုးစွန်းအလင်းရောင်များသည် ကမ္ဘာဂြိုလ်၏ ဝင်ရိုးစွန်းအလင်းရောင်များနှင့် ပုံစံချင်းတူသော်လည်း သံလိုက်စက်ကွင်းများနှင့် စွမ်းအင်ဆောင်လှိုင်းများ၏ သက်ရောက်မှုကြောင့် ကြာသပတေးဂြိုဟ် ဝင်ရိုးစွန်းအလင်းရောင်များမှာ ပို၍ပြင်းထန်လာကြောင်း သိရသည်။

ဂျူနိုအာကာသယာဉ်သည် ၂၀၁၆ ခုနှစ်မှစ၍ ကြာသပတေးဂြိုဟ်ကို လှည့်ပတ်ပျံသန်း၍ လေ့လာနေသော အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## အဆုတ်ပလိပ်ရောဂါအတွက် ကမ္ဘာ့ပထမဆုံး ကာကွယ်ဆေးကို အစ္စရေးဖန်တီးနိုင်ခဲ့

**ဂျေရုဆလင် ဇူလိုင် ၁၅**

ကြောက်မက်ဖွယ်ကောင်းသော ပဋိဇီဝဆေးယဉ်ပါး ဗက်တီးရီးယား ရောဂါတစ်မျိုးဖြစ်သည့် အဆုတ်ပလိပ် ရောဂါအတွက် ကမ္ဘာ့ပထမဆုံး MANA ကာကွယ်ဆေးကို အစ္စရေးသုတေသနပညာရှင်များက ဖန်တီးနိုင်ခဲ့ကြောင်း ဇူလိုင် ၁၄ ရက် သတင်းများအရ သိရသည်။

တိရစ္ဆာန်များဖြင့် ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုရလဒ်များအရ ၎င်းကာကွယ်ဆေးသည် အဆုတ်ပလိပ်ရောဂါကို ၁၀၀ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည်ကို တွေ့ရကြောင်း၊ အဆိုပါ MANA ကာကွယ်ဆေးသည် ကမ္ဘာပြည်သူထောင်ပေါင်းများစွာတို့ နှစ်စဉ်ရင်ဆိုင်နေရသည့် အဆုတ်ပလိပ်ကူးစက်ရောဂါကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ရောဂါကြောင့် သေဆုံးမှုနှုန်းကိုလည်း လျှော့ချပေးမည်ဖြစ်ကြောင်း အစ္စရေးသုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ပဋိဇီဝဆေးယဉ်ပါး ဗက်တီးရီးယားတစ်မျိုးကြောင့် ဖြစ်ပွားတတ်သည့် အဆုတ်ပလိပ်ရောဂါဖြစ်ပွားမှုများမှာ ကမ္ဘာတစ်ဝန်းမြင့်တက်လာကြောင်း၊ အထူးသဖြင့် အဆုတ်ပလိပ်ရောဂါဖြစ်ပွားမှုနှုန်းမှာ အာဖရိက၊ တောင်အမေရိကနှင့် အာရှတို့၌ မြင့်တက်လာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆုတ်ပလိပ်ရောဂါကို တစ်ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်ပြဿနာအဖြစ် အမေရိကန်အစိုးရရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ (စီဒီစီ)က သတ်မှတ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ပါကင်ဆန်လူနာများအတွက် ထိုးဆေးသစ် ဩစတြေးလျသုတေသနပညာရှင်များ ဖန်တီး

**ကင်ဘာရာ ဇူလိုင် ၁၅**

ပါကင်ဆန်လူနာများအတွက် ထိုးဆေးသစ်တစ်မျိုးကိုဩစတြေးလျနိုင်ငံ တောင်ဩစတြေးလျတက္ကသိုလ်မှ သုတေသနပညာရှင်များက ဖန်တီးနိုင်ခဲ့ကြောင်း ဇူလိုင် ၁၄ ရက်သတင်းများအရသိရသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် ပါကင်ဆန်ရောဂါ လူနာများအနေဖြင့် နေ့စဉ်သောက်ဆေးအမျိုးမျိုး သောက်သုံးနေရသည့်ဒုက္ခကိုလျှော့ချနိုင်ရေးအတွက် ၎င်းထိုးဆေးသစ်ကို ဖန်တီးခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျသုတေသနပညာရှင်များသည် ပါကင်ဆန်ရောဂါကို ထိန်းချုပ်ကုသရာတွင် လက်ရှိအသုံးပြုနေသော Levodopa နှင့် Carbidopa အမည်ရှိ ဆေးနှစ်မျိုးကိုပေါင်းစပ်၍ တစ်ခုတည်းသော ထိုးဆေးဖြစ်ကြောင်း သိရသည်။

ဩစတြေးလျသုတေသနပညာရှင်များ၏အဆိုအရ အထက်ပါထိုးဆေးကို ပါကင်ဆန်လူနာများအနေဖြင့် သီတင်းတစ်ပတ်လျှင် တစ်ကြိမ်သာ ထိုးနှံရန်လိုအပ်ကြောင်း သိရသည်။

ဓာတ်ခွဲခန်းစမ်းသပ်မှုရလဒ်များအရ ၎င်းထိုးဆေးသည် ပါကင်ဆန်ရောဂါကို ကုသရာတွင် ထိရောက်မှုရှိသည်ကို တွေ့ရကြောင်း သုတသန ပညာရှင်များက ပြောကြားသည်။

လက်ရှိတွင် ၎င်းထိုးဆေးကို ပါကင်ဆန်လူနာနှင့် လက်တွေ့စမ်းသပ်နိုင်ရေးအတွက် ဩစတြေးလျသုတေပညာရှင်များက ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






## မန်စီးတီးအသင်းက Puma ကုမ္ပဏီနှင့် တစ်ဘီလီယံတန်ကြေးရှိ စပွန်ဆာစာချုပ်ချုပ်ဆို

မန်ချက်စတာ ဇူလိုင် ၁၅

မန်စီးတီး အသင်းသည် အားကစား ကုမ္ပဏီတစ်ခုဖြစ်သည့် Pumaနှင့်တစ်ဘီလီယံတန်ကြေးရှိ စပွန်ဆာစာချုပ်သက်တမ်းတိုးရန် သဘောတူညီမှု ရခဲ့သောကြောင့် ပရီးမီးယားလိဂ်သမိုင်းတွင် တန်ကြေးအများဆုံး အကျီစပွန်ဆာ စာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှ စတင်ကာ Puma အားကစားကုမ္ပဏီနှင့် တစ်နှစ်လျှင် စတာလင်ပေါင် ၆၅ သန်းတန်ကြေးရှိ အကျီစပွန်ဆာ စာချုပ်ကို ၁၀ နှစ်သက်တမ်းချုပ်ဆိုခဲ့သော်လည်း ယခုအခါ စာချုပ်သက်တမ်းတိုး၍ တစ်နှစ်လျှင် စတာလင်ပေါင် သန်း ၁၀၀ တန်ကြေးရှိသည့် စာချုပ်ကို ၂၀၃၄-၂၀၃၅ ထိ ချုပ်ဆိုရန် သဘောတူညီမှုရခဲ့ပြီး ပရီးမီးယားလိဂ်သမိုင်းတွင် တန်ကြေးအမြင့်ဆုံး စပွန်ဆာစာချုပ်ဖြစ်လာခဲ့သည်။

မန်စီးတီးအသင်း အမှုဆောင်ဒါရိုက်တာ ဆိုရီယန်နိုက "အသင်းအနေနဲ့ Puma ကုမ္ပဏီနဲ့ လက်တွဲခဲ့တာ ခြောက်နှစ်ကာလရောက်တဲ့အချိန်မှာ Puma အနေနဲ့ စာချုပ်တန်ကြေးတိုးမြှင့်ပြီး ဆက်လက်လက်တွဲဖို့ ကြိုးပမ်းခဲ့တာကြောင့် အရမ်းကို ပျော်ရွှင်ရပါတယ်။ ကျွန်တော်တို့နဲ့အတူ သမိုင်းမှတ်တမ်းသစ် ရေးထိုးချိန်မှာ အတူရှိနေပေးလို့ ကျေနပ်မိပါတယ်" ဟုပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် Puma အားကစားကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ဆုဖလားသုံးလုံးရရှိခဲ့ပြီး အမျိုးသမီးအသင်းက အဓိကဆုဖလားနှစ်ကြိမ်၊ လူငယ်အကယ်ဒမီအသင်းက ပရီးမီးယားလိဂ်-၂ ဖလား လေးကြိမ်၊ ယူ-၁၈ အသင်းက လူငယ်အက်ဖ်အေဖလား နှစ်ကြိမ် ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Manchester evening news

Trs : ML



## ဝင်ဘယ်ဒန်ဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ပြီးနောက် စဝီယာတက်ခ် ကမ္ဘာ့အဆင့်(၃)နေရာသို့ တက်ရောက်ခွင့်ရရှိ



လန်ဒန် ဇူလိုင် ၁၅

အင်္ဂလန်နိုင်ငံတွင် ကျင်းပခဲ့သော ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၃)နေရာသို့ တက်ရောက်လာနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ၂၀၂၄ ခုနှစ် အစောပိုင်းတွင် ကမ္ဘာ့အဆင့်(၁)နေရာတွင် ကာလရှည် ရပ်တည်နိုင်ခဲ့သော်လည်း ရလဒ်များကျဆင်းခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၄)နေရာအထိ ကျဆင်းခဲ့ရသည်။

၂၀၂၅ ခုနှစ်အတွင်း၌လည်း အောင်မြင်မှုရရှိရန် ရုန်းကန်ခဲ့ရသည့် စဝီယာတက်ခ်သည် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ၂၀၂၅ ခုနှစ်၏ ပထမဆုံးသော ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အမေရိကန်တင်းနစ်မယ် ပီဂူလာ၏ ကမ္ဘာ့အဆင့်(၃)နေရာကို လွှဲပြောင်းရယူနိုင်ခဲ့သည်။

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်ခဲ့သော ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာက ပြတ်သားသည့်ရမှတ်ဖြင့် ကမ္ဘာ့အဆင့်(၁) နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်က ကမ္ဘာ့အဆင့်(၂)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ရုရှားဆယ်ကျော်သက် တင်းနစ်မယ် အန်ဒရေဗာက ကမ္ဘာ့အဆင့်(၅)နေရာသို့ တက်ရောက်လာနိုင်ခဲ့ပြီး တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်က ကမ္ဘာ့အဆင့်(၆)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ဝင်ဘယ်ဒန် ဗိုလ်လုပွဲစဉ်တွင် စဝီယာတက်ခ်ကို ရှုံးနိမ့်ခဲ့ပြီး ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည့် အန်နီစီမိုဗာက ကမ္ဘာ့အဆင့်(၇)နေရာသို့ တက်ရောက်လာနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံးအကြိမ် ကမ္ဘာ့အဆင့်(၁၀)အတွင်းသို့ ဝင်ရောက်လာနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

အီတလီတင်းနစ်မယ် ပါအိုလီနီက ယခင်ကမ္ဘာ့အဆင့်(၅)နေရာမှ ကမ္ဘာ့အဆင့်(၉)နေရာသို့ ကျဆင်းခဲ့ပြီး စပိန်တင်းနစ်မယ် ဘာဒိုဆာက ကမ္ဘာ့အဆင့်(၁၀)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## အာဆင်နယ်အသင်းက တောင်ပံကစားသမား ထရိုဆာ့ဒ်ကို ဖီနာဘာချီသို့ ထွက်ခွာခွင့်ပြုရန် သေချာနေဟုဆို

လန်ဒန် ဇူလိုင် ၁၅

အာဆင်နယ် အသင်းက ချဲလ်ဆီးအသင်းမှ တောင်ပံကစားသမား မက်ဒူခီကိုခေါ်ယူရန် နောက်ဆုံးအဆင့် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ထရိုဆာ့ဒ်ကို ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ဖြင့် ထွက်ခွာခွင့် ပြုမည်ဖြစ်ကြောင်း သိရသည်။

ယခုနွေရာသီ အပြောင်းအရွှေ့ကာလစတင်ချိန်က ဘယ်တောင်ပံကစားသမား ထရိုဆာ့ဒ်သည် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိထားသော်လည်း အသင်းအနေဖြင့် ချဲလ်ဆီးအသင်းမှ တောင်ပံကစားသမား မက်ဒူခီကိုခေါ်ယူရန် ကြိုးပမ်းခဲ့ချိန်တွင် ထရိုဆာ့ဒ်က မက်ဒူခီရောက်ရှိလာပါက ၎င်းသည် ပွဲကစားခွင့်ပျောက်ဆုံးရန် သေချာနေသောကြောင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် နည်းပြမော်ရင်ဟို၏ ဖီနာဘာချီအသင်းက ထရိုဆာ့ဒ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ကနဦး စတာလင်ပေါင် သန်း ၂၀ အပြင် အပိုဆုကြေး စတာလင်ပေါင်ခုနစ်သန်း ရရှိမည်ဖြစ်သည့်အပြင် အနာဂတ်စီမံကိန်းများကိုလည်း သဘောကျနှစ်သက်ခဲ့သဖြင့် အသင်းမှထွက်ခွာရန် သေချာခဲ့သကဲ့သို့ အာဆင်နယ်အသင်းကလည်း မက်ဒူခီကိုခေါ်ယူနိုင်ရန် နောက်ဆုံးသဘောတူညီမှုများ ရရှိခဲ့သောကြောင့် ထရိုဆာ့ဒ်ကိုရောင်းချရန်အသင့်ရှိကြောင်း သိရသည်။

မက်ဒူခီသည် အာဆင်နယ်အသင်းသို့ စတာလင်ပေါင် ၅၂ သန်းဖြင့်ပြောင်းရွှေ့ရန် ကနဦးသဘောတူညီမှုရရှိခဲ့ပြီးနောက် ကစားသမားအနေဖြင့် ချဲလ်ဆီးအသင်းနှင့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို မကစားတော့ဘဲ အသင်းလူစာရင်းမှ နုတ်ထွက်၍ အာဆင်နယ်အသင်းနှင့် ဆေးစစ်မှုခံယူရန် လန်ဒန်သို့ထွက်ခွာခဲ့ကာ ယခုအခါ ဆေးစစ်မှုအောင်မြင်ခဲ့သောကြောင့် ပြောင်းရွှေ့ရန် သေချာခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## ဖီဖာကလပ် ကမ္ဘာ့ဖလားအကောင်းဆုံး အသင်းလူစာရင်းတွင် ချဲလ်ဆီးအသင်းမှ ကစားသမားအများဆုံးပါဝင်

ဝါရှင်တန် ဇူလိုင် ၁၅

ဖီဖာကလပ် ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ခဲ့သည့် ချဲလ်ဆီးအသင်းသည် Goal.com က ထုတ်ပြန်ခဲ့သည့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမား ၁၁ ဦးစာရင်းတွင် အများဆုံးပါဝင်ခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ဗိုလ်လုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်း၏ ကွင်းတစ်ဝက်ထိ ဖိအားပေးခြင်းခံရသော်လည်း ရရှိလာသည့် အခွင့်အရေးများကို ချဲလ်ဆီးအသင်းကစားသမား ပယ်မာက နှစ်ဂိုးသွင်းယူ၍ တစ်ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့သောကြောင့် သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရခဲ့ပြီး ၎င်းအနေဖြင့်လည်း ဗိုလ်လုပွဲတွင်အကောင်းဆုံးကစားသမားဆုနှင့် ပြိုင်ပွဲတစ်လျှောက် ဂိုးပါဝင်ပတ်သက်မှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့သောကြောင့် ရွှေဘောလုံးဆုရရှိခဲ့သည်။



Goal.comက ထုတ်ပြန်ခဲ့သည့် အကောင်းဆုံးကစားသမား ၁၁ ဦး စာရင်းတွင် ဂိုးသမားအဖြစ် ပီအက်စ်ဂျီအသင်းမှ ဒွန်နာရမ်မာ၊ ခံစစ် ကစားသမားများအဖြစ် ပီအက်စ်ဂျီမှ ဟာကီမီ၊ ဖလူမီနန့်စီ အသင်းမှ သီယာဂိုဆေးဗား၊ ချဲလ်ဆီးအသင်းမှ ကိုးဝဲလ်၊ ကူကူရယ်လာ၊ ကွင်းလယ်တွင် ချဲလ်ဆီးအသင်းမှ ကာစီဒို၊ အမ်ဗိုဖာနန် ဒက်စ်၊ ပယ်မာ၊ တိုက်စစ်ပိုင်းတွင် ပါမီးယက်စ်မှ အက်စတီဗာအို၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဂွန်ဇာလို၊ ချဲလ်ဆီးအသင်းမှ နက်တိုတို့ ပါဝင်ခဲ့သည်။

ချဲလ်ဆီးအသင်းသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲရန်ရေပန်းစားသည့် အသင်း မဟုတ်ခဲ့ဘဲ ဘိုင်ယန်မြူးနစ်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ကို ဂိုးပြတ်အနိုင်ရခဲ့သည့် ပီအက်စ်ဂျီအသင်းကသာ ဆုဖလားရယူနိုင်ရန် အခွင့်အရေးများခဲ့သော်လည်း ချဲလ်ဆီးအသင်း ကစားသမားများ၏ ကြိုးပမ်းမှုကြောင့် ဆုဖလား ရယူနိုင်ခဲ့ပြီးနောက် အကောင်းဆုံး အသင်းလူစာရင်းတွင် ခြောက်ဦးထိ ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းမှ ကွင်းလယ်ကစားသမား ပက်ဘလိုတိုရီကို မာယော့ကာအသင်းက အပြီးသတ်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။
- အယ်အာလီအသင်းက စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသည့် ဖရန့်ကက်ဆီကို ထွက်ခွာခွင့်ပြုမည်ဖြစ်သောကြောင့် စီးရီးအေကလပ် အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့က ခေါ်ယူရန် အပြိုင်ကမ်းလှမ်းလျက်ရှိသည်။
- ဘာစီလိုနာအသင်းက ကိုဗင်ဟောဂင်အသင်းမှ တောင်ပံကစားသမား ဘာ့ဒ်ဂျီးကို ပြောင်းရွှေ့ကြေး ယူရို နှစ်သန်းဖြင့် ခေါ်ယူ၍ ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ဘန်လေအသင်း ပိုင်ရှင် ဂျေဂျေဝက်က စပိန်ကလပ် အက်စ်ပန်ညိုအသင်းမှ အစုရှယ်ယာအချို့ကို ဝယ်ယူရန် သဘောတူညီမှုရခဲ့ကြောင်း သိရသည်။

ML

# စင်ကာပူတာတိုဖလား ကန္တား၊ ကယက်လှေလှော်ပြိုင်ပွဲ၌ ရွှေ ၁၀ ခု၊ ငွေ တစ်ခု၊ ကြေးလေးခု ဆွတ်ခူးနိုင်ခဲ့သည့် မြန်မာလှေလှော်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၅

စင်ကာပူနိုင်ငံ၌ ဇူလိုင် ၁၂ရက်မှ ၁၃ ရက်ထိ ကျင်းပခဲ့သည့် စင်ကာပူတာတိုဖလား ကန္တား၊ ကယက် လှေလှော်ပြိုင်ပွဲ (2025 Singapore Sprint Cup) တွင် ရွှေ ၁၀ ခု၊ ငွေ တစ်ခု၊ ကြေး လေးခု ဆွတ်ခူးနိုင်ခဲ့သည့် မြန်မာလှေလှော်အဖွဲ့သည် ဇူလိုင် ၁၄ ရက် ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။



မြန်မာ လှေလှော်အဖွဲ့ကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား၊သင်တန်းသူများ ၊မိဘပြည်သူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာလှေလှော်အဖွဲ့သည် ပြိုင်ပွဲပထမနေ့တွင် အမျိုးသားကန္တားတစ်ယောက်လှော် မီတာ(၁၀၀၀)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ U-18 အမျိုးသားတစ်ယောက်လှော် မီတာ(၁၀၀၀)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ U-18 အမျိုးသား ကန္တားတစ်ယောက်လှော် မီတာ(၅၀၀)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ U-18 အမျိုးသားကယက်တစ်ယောက်လှော် မီတာ(၅၀၀)ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ပြိုင်ပွဲဒုတိယနေ့တွင် အမျိုးသားကန္တားနှစ်ယောက်လှော် မီတာ(၂၀၀)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ အမျိုးသားကန္တားလေးယောက်လှော် မီတာ(၂၀၀)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသား ကန္တားတစ်ယောက်လှော် မီတာ (၂၀၀) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ U-18 အမျိုးသား ကန္တားတစ်ယောက်လှော် မီတာ (၂၀၀)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ အမျိုးသား ကန္တားတစ်ယောက်လှော် မီတာ (၅၀၀) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသားကန္တား နှစ်ယောက်လှော် မီတာ(၅၀၀) ပြိုင်ပွဲတွင်ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသားကန္တား လေးယောက်လှော် မီတာ (၅၀၀)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ အမျိုးသား ကယက်လေးယောက်လှော် မီတာ (၅၀၀) ပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆုများကို အသီးသီး ဆွတ်ခူးခဲ့ကြပြီး နိုင်ငံအလိုက် အဆင့်ရပ်တည်မှုတွင် ပထမရရှိခဲ့ကြောင်း သိရသည်။ STA

# The Open Championship ပြိုင်ပွဲတွင် မက်အီလ်ရွိုင်း ယှဉ်ပြိုင်သွားမည်

အီဒင်ဘာ့ဂ် ဇူလိုင် ၁၅

မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် ဇူလိုင် ၁၇ ရက်တွင် စကော့တလန်နိုင်ငံ၌ စတင်ကျင်းပသွားမည့် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် အတည်ပြုခဲ့သည်။

မက်အီလ်ရွိုင်းသည် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ပြီး နောက်ပိုင်း ပုံစံကောင်းပျောက်ဆုံးကာ အောင်မြင်မှုဆွတ်ခူးနိုင်ရန် ရုန်းကန်ခဲ့ရသည့်အတွက် ပြိုင်ပွဲများမှ ခေတ္တအနားယူခဲ့သူဖြစ်သည်။

မက်အီလ်ရွိုင်းသည် အနားယူနေသည့်ကာလအတွင်း ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့သလို ပုံစံသစ်ဖြင့် ၎င်းအား ပြန်လည်မြင်တွေ့ရတော့မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မက်အီလ်ရွိုင်းကThe Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၎င်းအနေဖြင့် အကောင်းဆုံးပုံစံပြသနိုင်ခဲ့သည်မှာ လွန်ခဲ့သောခြောက်နှစ်ကဖြစ်ပြီး ယင်းနောက်ပိုင်းThe Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပုံစံကောင်း ပျောက်ဆုံးနေခဲ့ကြောင်း ပြောကြားခဲ့သည်။

မက်အီလ်ရွိုင်းက "The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲဟာ အဓိကပြိုင်ပွဲကြီးတစ်ရပ်ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာအကောင်းဆုံးကစားနိုင်ခဲ့တဲ့နှစ်က လွန်ခဲ့တဲ့ခြောက်နှစ်ကဖြစ်ပါတယ်။ အဲ့ဒီတုန်းက ကျွန်တော်ကွင်းထဲဝင်လာပြီးပထမနေ့ရဲ့ ပထမကျင်းကိုရိုက်ဖို့ပြင်ဆင်နေတဲ့ အချိန်မှာ ပရိသတ်တွေရဲ့ အားပေးမှုက အံ့မခန်းပါပဲ။ သူတို့တွေကျွန်တော့်ကို ချန်ပီယံဖြစ်စေချင်ကြတယ်။ အဲ့ဒီအမှတ်တရလေးကို အခုချိန်ထိမှတ်မိနေတုန်းပါပဲ။ ကောင်းကောင်းမကစားနိုင်တာ ကြာပြီဖြစ်တဲ့ ဒီပြိုင်ပွဲမှာ ဒီနှစ်တော့ အောင်မြင်မှုရအောင် အတတ်နိုင်ဆုံးကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL




# WBC လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ စတီဗင်ဆင်နှင့် ထိုးသတ်သွားရန် ကော်နာဘင်း ကမ်းလှမ်း

လန်ဒန် ဇူလိုင် ၁၅

ဗြိတိန်လက်ဝှေ့သမား ကော်နာဘင်းသည် ရှုံးပွဲမရှိသေးသည့် WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စတီဗင်ဆင်နှင့် ထိုးသတ်သွားရန် အတွက် ကမ်းလှမ်းမှုပြုလုပ်ထားကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကော်နာဘင်းသည် IBO မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခရစ်အူဘန့်ဂျူနီယာနှင့် ပြီးခဲ့သည့်ဧပြီလတွင် ထိုးသတ်ခဲ့ပြီး ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ကော်နာဘင်းနှင့် ခရစ်အူဘန့်ဂျူနီယာတို့သည် ၎င်းတို့၏ဖခင်များလက်ထက်ကတည်းက အဓိကပြိုင်ဘက်များဖြစ်ခဲ့ကြပြီး အရှုံးအနိုင် မပြတ်သားခဲ့ကြသည့်အတွက် မျိုးဆက်သစ်လက်ထက်တွင် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်သော်လည်း ဝိတ်တန်း မတူသည့်အတွက် ဝိတ်တန်းနိမ့်သည့် ကော်နာဘင်း အခက်တွေ့ခဲ့ရသည်။

ကော်နာဘင်းအနေဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း ခရစ်အူဘန့်ဂျူနီယာကို မကျေပွဲထိုးသတ်သွားရန် စိန်ခေါ်ခဲ့သည်။

မကျေပွဲ ထိုးသတ်သွားရန် စိန်ခေါ်ခဲ့သည့် ကော်နာဘင်း၏ ကမ်းလှမ်းမှုကို ဇူလိုင် ၁၄ ရက်က နောက်ဆုံးထား အကြောင်းပြန်ရမည်ဖြစ်သော်လည်း ခရစ်အူဘန့်ဂျူနီယာဘက်မှ တုံ့ပြန်ခြင်းမရှိသည့်အတွက် ကော်နာဘင်းက အမေရိကန်လက်ဝှေ့သမား စတီဗင်ဆင်နှင့် ထိုးသတ်သွားရန် ပြင်ဆင်လာခြင်း ဖြစ်ကြောင်း သိရသည်။

Ref : DAZN
Trs : AZL

# ၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်-၂ပြိုင်ပွဲ ဩဂုတ် ၃ ရက်တွင် စတင်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးပြီး ပြိုင်ပွဲဝင် ရှစ်သင်း ပါဝင်မည့် MNL 2 League 2025-2026 ပထမအကျော့ပြိုင်ပွဲကို ဩဂုတ် ၃ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်-၂ အမှတ်ပေးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ချင်းလန်းအက်ဖ်စီ၊ မြဝတီအက်ဖ်စီ၊ ယူနီဗာစတီအက်ဖ်စီ၊ ကချင်ယူနိုက်တက် အက်ဖ်စီ၊ Glory Goal FC၊ Silver Stars FC အပါအဝင် MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲမှတစ်ဆင့် တန်းတက်အသင်းများဖြစ်သည့် ရန်ကုန်စီးတီးအက်ဖ်စီနှင့် ယန်းဘွိုင်းယူနိုက်တက်အက်ဖ်စီ အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်-၂ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပြိုင်ပွဲအား ဩဂုတ် ၃ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ယူနီဗာစတီကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအကျော့ပြိုင်ပွဲ ပွဲစဉ်ဇယားကို ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

MNL 2 League 2025-2026 ပထမအကျော့ Week-1 တွင် Silver Stars နှင့် မြဝတီ၊ ယူနီဗာစတီနှင့် ကချင်ယူနိုက်တက်၊ ရန်ကုန်စီးတီးနှင့် Glory Goal၊ ယန်းဘွိုင်းယူနိုက်တက်နှင့် ချင်းလန်းအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိကြောင်း သိရသည်။

STA

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန်လေးဇုန်ခွဲ၍ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။



၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကယားပြည်နယ်အသင်းက ခုနစ်ဂိုးတစ်ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကိုးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း ပြီးဆုံးခဲ့သည်။

STA

# ပြန်ပြောင်းအမှတ်ရသမိုင်းသင်ခန်းစာယူရမည့် အာဇာနည်နေ့

**ကျော်တင့်(ရွှေခရမ်း)**

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် အာဇာနည်ခေါင်းဆောင်ကိုးဦးအသက်ပေးဆပ်ခဲ့သည့် အာဇာနည်နေ့သည် ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ အဆိုတော်မေလှမြိုင်၏ "နှစ်လနာရီ ခါရာသီရွှေ့ပေမဲ့ အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါပေ"ဆိုသည့် သီချင်းသံကိုကြားရတိုင်း အာဇာနည်ခေါင်းဆောင်ကိုးဦး၏ နိုင်ငံအတွက်စွန့်လွှတ်အနစ်နာခံမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် မြင့်မြတ်သောစိတ်ထားတို့ကို အောက်မေ့သတိရကြမြဲဖြစ်သည်။ အိန္ဒိယလူမျိုးတို့သည် ဂန္ဒီကိုမမေ့ကြသလို၊ ဗီယက်နမ်တို့သည်လည်း ဟိုချီမင်းကိုမမေ့ခဲ့ကြပေ။ အလားတူ မြန်မာလူမျိုးတို့သည်လည်း နှစ်ကာလများ မည်မျှပင်ကြာသွားပါစေ ရင်ထဲနှလုံးသားထဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင် ကိုးဦးတို့ကို အစဉ်အမြဲ သတိရလေးစားနေမည်သာဖြစ်သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ၏ မိုးရေစက်များအောက်က မြန်မာ့သမိုင်း၏ တိုင်းပြည်အတွက် ကြီးမားသောဆုံးရှုံးအကျည်းတန်ခဲ့သည့် မမေ့နိုင်စရာဖြစ်ရပ်ကြီးဖြစ်ပွားခဲ့သည်။ တိုင်းတစ်ပါး လက်အောက်မှ လွတ်မြောက်အံ့ဆဲဆဲကာလတွင်ပင် နယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးကိုအသက်နှင့်လဲ၍ ပေးဆပ်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ ဦးဘဝင်း၊ သခင်မြ၊ ဦးရာဇတ်၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ အတွင်းဝန်ဦးအုန်းမောင်နှင့် သက်တော်စောင့်ရဲဘော်ကိုထွေးတို့ကျဆုံးခဲ့ရသည်။ ဇူလိုင်မိုးဖွဲများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းပြည်အတွက် အစားထိုးမရနိုင်သော အာဇာနည်ပုဂ္ဂိုလ်ကြီးများ ကြွေလွင့်သွားခဲ့ရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ အင်္ဂလိပ်တို့သည် တောင်တန်းဒေသနှင့်မြေပြန့်ဒေသဟူ၍ နှစ်မျိုးခွဲကာ သွေးခွဲအုပ်ချုပ်ခဲ့သည်။ အင်္ဂလိပ်တို့သည် တောင်တန်းဒေသကိုချန်လှပ်၍ မြေပြန့်ဒေသကိုလွတ်လပ်ရေးပေးမည်ဟုပြောသောအခါ မြန်မာတို့သည် တောင်တန်းဒေသကိုချန်၍ လွတ်လပ်ရေးမရလိုပေ။ ထို့ကြောင့် တောင်တန်းနှင့်မြေပြန့် သွေးစည်းညီညွတ်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ပင်လုံစာချုပ်ကြီးကိုချုပ်ဆိုကာ နယ်ချဲ့တို့ကို ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုပြသနိုင်ခဲ့သည်။ နယ်ချဲ့တို့သည် မြန်မာပြည်ကို လွတ်လပ်ရေးမပေးလျှင် မဖြစ်တော့ကြောင်း သိသဖြင့် လွတ်လပ်ရေးပေးရန် သဘောတူခဲ့သော်လည်း မြန်မာနိုင်ငံတွင် မိမိတို့ဩဇာခံမည့်အစိုးရမျိုးကိုသာ ခန့်အပ်ချင်ခဲ့ကြသည်။ ကိုယ်ကျိုးမဖက်သော၊ တိုးတက်သောနိုင်ငံရေးအယူအဆရှိသည့် ဗိုလ်ချုပ်အောင်ဆန်းကို နယ်ချဲ့တို့က မလိုလားခဲ့ချေ။ သို့ရာတွင် နယ်ချဲ့တို့သည် ဗိုလ်ချုပ်အောင်ဆန်းကို ကိုယ်တိုင်ဖယ်ရှားခြင်းမပြုဘဲ သုတ်သင်ရှင်းလင်းပေးမည့် အမျိုးသားသစ္စာဖောက် လက်ပါးစေများကို ရှာဖွေခိုင်းစေခဲ့သည်။

**❖အာဇာနည်ခေါင်းဆောင်ကြီးများကို လေးစားတန်ဖိုးထားသကဲ့သို့ ၎င်းတို့ချမှတ်ခဲ့သည့် အမျိုးသားစည်းလုံးညီညွတ်မှု၊ တိုင်းရင်းသားအားလုံးချစ်ကြည်ရင်းနှီးမှုများကိုလည်း အလေးထားလိုက်နာရန်လိုအပ်ပေသည်။ သို့မှသာ အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် သစ္စာစောင့်သိရာ၊ ကျေးဇူးဆပ်ရာရောက်မည်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်သွေးတို့ဖြင့် ရင်းနှီးရယူပေးခဲ့သော လွတ်လပ်ရေးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူတို့၏ စုပေါင်းအားဖြင့် ကာကွယ်သွားရမည်ဖြစ်သည်။ ❖**

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အစိုးရအဖွဲ့ဝန်ကြီးများ ရန်ကုန်မြို့ အတွင်းဝန်ရုံးတွင် အစည်းအဝေးပြုလုပ်နေခိုက် နယ်ချဲ့သမားနှင့် ပြည်တွင်းသစ္စာဖောက်တို့၏ လက်ချက်ဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးများဖြစ်ကြသော ဦးဘဝင်း၊ မန်းဘခိုင်၊ သခင်မြ၊ ဦးရာဇတ်၊ အတွင်းဝန်ဦးအုန်းမောင်၊ ဦးရာဇတ်၏သက်တော်စောင့် ရဲဘော်ကိုထွေးတို့မှာ ကျဆုံးခဲ့ကြရပြီး ဝန်ကြီးဒီးဒုတ်ဦးဘချိုနှင့် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းတို့မှာ ဆေးရုံရောက်မှ အသက်ဆုံးခဲ့ရရှာသည်။ အတွင်းဝန်များရုံး အစည်းအဝေးခန်းမအတွင်း ဖရိုဖရဲဖြစ်နေသည့် စားပွဲနှင့် ကုလားထိုင်များ၊ သွေးအိုင်တွင် သေဆုံးနေသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ မြင်ကွင်းမှာ ဝမ်းနည်းကြေကွဲဖွယ်ရာ၊ ရင်နင့်ကြေကွဲဖွယ်ရာ အတိပင်ဖြစ်သည်။ နယ်ချဲ့တို့၏အလိုကျ ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့ကြသော လက်ပါးစေ အပေါင်းပါများသည်လည်း တရားဥပဒေအတိုင်း မိုက်ပြစ်ကိုခံခဲ့ကြရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ရုပ်အလောင်းကို ၁၉၄၇ ခုနှစ် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ဂျူဗလီခန်းမသို့ ပြောင်းရွှေ့သယ်ယူ၍ ဂါရဝပြုခံခဲ့သည်။ ဦးရာဇတ်နှင့်ရဲဘော်ကိုထွေးတို့၏ရုပ်အလောင်းကို ဂျူဗလီခန်းမမှ တာမွေကင်းဘဲလ်လမ်းရှိ မွတ်စလင်သင်္ချိုင်းသို့ သယ်ဆောင်ပြီး အစ္စလာမ်ဘာသာအရ မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို သတိရသည့်အနေဖြင့် နှစ်စဉ် ဇူလိုင် ၁၉ ရက်ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ထိုနေ့ရောက်တိုင်း အာဇာနည်နေ့ အခမ်းအနားများကို နိုင်ငံတစ်ဝန်းကျင်းပကြသည်။ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခြင်း၊ အာဇာနည်ဗိမာန်၌နိုင်ငံတော်အစိုးရတာဝန်ရှိသူများကိုယ်တိုင် တက်ရောက်၍ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုခြင်း၊ လွမ်းသူ့ပန်းခွေချခြင်းတို့ကိုဆောင်ရွက်ခြင်း၊ ကျဆုံးချိန် ၁၀ နာရီ ၃၇ မိနစ်တွင်ရုပ်မြင်သံကြားမှ ဥဩဆွဲအချက်ပေးခြင်း၊ ၎င်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီးဟွန်းတီးခြင်း၊ ကျောင်းများ၊ ရုံးများ ပိတ်ပေးခြင်းတို့ပြုလုပ်၍ ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများကို သတိတရ ဂါရဝပြုကြသည်။

သေနတ်သမားများကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် လူသေသော်လည်း နာမည်မသေပါ။ ကိုယ်ကျိုးမကြည့်၊ အတ္တမဖက် တိုင်းပြည်အတွက် အသက်ပေးရင်း သေနတ်ဒဏ်ရာ ၁၃ ချက်ဖြင့် လဲကျသေဆုံးနေသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မသေသောနာမည်၊ မြင့်မြတ်သော ဂုဏ်ဒြပ်တို့ကိုမူ မည်သူမျှ တားဆီး၍မရနိုင်ပေ။ မြန်မာအဘိဓာန်တွင် အာဇာနည်၏အဓိပ္ပာယ်ကို "သာမန်ထက် လက်ရုံးရည်နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ"ဟု ဖော်ပြထားသည်။ တိုင်းပြည်၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများက စာဖွဲ့၍မကုန်နိုင်သကဲ့သို့ အာဇာနည်ခေါင်းဆောင် ကိုးဦး၏ အမိနိုင်ငံတော်အတွက် အသက်ပေးကြိုးပမ်းဆောင်ရွက်ခဲ့မှုများက အာဇာနည်အဖြစ် ဂုဏ်ပြုထိုက်ပေသည်။

မျက်မှောက်ကာလတွင်လည်း ပထဝီနိုင်ငံရေးအရ အရေးပါသောမြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့က နိုင်ငံပျက်စီးစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဖန်တီးလုပ်ဆောင်နေကြဆဲပင်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ကြိုးပမ်းမှုဖြင့် လွတ်လပ်ရေးရခဲ့သော်လည်း နိုင်ငံပြန်လည်ထူထောင်ရေးအတွက် တက်ညီလက်ညီ အင်တိုက်အားတိုက်လုပ်ကြရမည့်အစား စည်းလုံးညီညွတ်မှုအားနည်းခဲ့ခြင်းများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများစွာ ထိခိုက်ခဲ့ရသည်။ နိုင်ငံရေးအခက်အခဲပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ဆွေးနွေးအဖြေရှာကြရမည့်အစား အကြမ်းဖက်ဝါဒကိုင်စွဲကာ လက်နက်အားကိုးဖြင့်ဖြေရှင်းခဲ့ကြသည့် ဂဠုန်ဦးစောနှင့် နယ်ချဲ့လက်ပါးစေအပေါင်းအဖော်တို့၏ လုပ်ရပ်ကြောင့် နိုင်ငံအတွက် ကြေကွဲဖွယ်ရာအဖြစ်ဆိုးကြုံခဲ့ကြရသည်ကို သမိုင်းသင်ခန်းစာယူကြရမည်ဖြစ်သည်။

"ကျွန်တော်တို့ရည်မှန်းထားတဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့ လုပ်ဆောင်ရာမှာ ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အသက်တမျှအရေးကြီးလှပါတယ်။ လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့ရတဲ့ ဆုံးရှုံးနစ်နာမှုတွေကို ထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတွေနဲ့အတူ လက်တွဲဖော်ဆောင်ကြဖို့လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေ၊ အကြပ်ဖမ်း PDF အဖွဲ့တွေ အနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်တဲ့ လမ်းစဉ်ကိုစွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနဲ့ ရွေးကောက်ပွဲလမ်းကြောင်းတွေကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက်လဲ အကြိမ်ကြိမ်ဖိတ်ခေါ်ကမ်းလှမ်းထားခဲ့ပါတယ်"ဟု ဇွန် ၂၅ ရက်တွင် ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဖိုရမ် Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အာဇာနည်ခေါင်းဆောင်ကြီးများကို လေးစားတန်ဖိုးထားသကဲ့သို့ ၎င်းတို့ချမှတ်ခဲ့သည့် အမျိုးသားစည်းလုံးညီညွတ်မှု၊ တိုင်းရင်းသားအားလုံးချစ်ကြည်ရင်းနှီးမှုများကိုလည်း အလေးထားလိုက်နာရန် လိုအပ်ပေသည်။ သို့မှသာ အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် သစ္စာစောင့်သိရာ၊ ကျေးဇူးဆပ်ရာရောက်မည်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်သွေးတို့ဖြင့် ရင်းနှီးရယူပေးခဲ့သော လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူတို့၏စုပေါင်းအားဖြင့် ကာကွယ်သွားရမည်ဖြစ်သည်။ ထို့အတူ ယနေ့နိုင်ငံတော်မှ မျှော်မှန်းထားသည့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံတော်နှင့်ပြည်သူပူးပေါင်း၍ အကောင်အထည်ဖော်သွားရမည်ဖြစ်သည်။ ထို့ကြောင့် အတိတ်သမိုင်းသင်ခန်းစာအရ ပြည်ပသွေးထိုးလှုံ့ဆော်မှုများကိုအလေးအနက် သတိပြုဆင်ခြင်ကြရန်နှင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်အကျိုးကိုသယ်ပိုးရင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ပေးဆပ်မှုကို ပြန်ပြောင်းအမှတ်ရစေရန် ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# တိုက်နံပါတ် - ၁၇ ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar You Tube Channel မှ ထုတ်လွှင့်ပြသမည်




ရန်ကုန် ဇူလိုင် ၁၅

တိုက်နံပါတ် - ၁၇ ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar You Tube Channel မှ ဇူလိုင်လ စတုတ္ထပတ်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ တိုက်နံပါတ် -၁၇ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ နိရာကိုထံမှ သိရသည်။

တိုက်နံပါတ် -၁၇ ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ယခုနှစ် မေလအတွင်းက ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်ကာ ပရိသတ်များ အွန်လိုင်းမှ အချိန်မရွေးလွယ်လင့်တကူ ကြည့်ရှုနိုင်ရန်အတွက် ဇူလိုင်လအတွင်း Channel K Myanmar You Tube Channel မှ ထပ်မံ ထုတ်လွှင့်ပြသ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

" ဒီဇာတ်လမ်းတွဲကတော့ နိရာကို Bonanza ထုတ်လုပ်ရေးရဲ့ ခုနစ်ကားမြောက် ဇာတ်ကားဖြစ်ပါတယ်။ တိုက်နံပါတ် - ၁၇ က ဇာတ်လမ်းဇာတ်အိမ်ကလဲ တကယ့်ကိုထူးထူးဆန်းဆန်းနဲ့ ချောက်ချားစရာ အမိုက်စားတွေနဲ့ ရိုက်ကူးထုတ်လုပ်ထားပါတယ်။ ပတ်ဝန်းကျင်ရှိလူတွေနဲ့ ဆက်ဆံမှုသိပ်မရှိဘဲ တိတ်ဆိတ်အေးချမ်းစွာ နေထိုင်တတ်ကြတဲ့ ထူးဆန်းတဲ့ မိသားစုတစ်စု နေထိုင်တဲ့ တိုက်နံပါတ် - ၁၇ ကို ခင်မြတ်လေးဆိုတဲ့ မိန်းကလေးတစ်ယောက် ရောက်ရှိလာပြီးနောက် ဆန်းကြယ်သော အဖြစ်အပျက်တွေကို မြင်ရမဲ့ ဇာတ်လမ်းတွဲလေးပါ"ဟု ဒါရိုက်တာ နိရာကိုက ပြောပြသည်။

အဆိုပါ တိုက်နံပါတ် - ၁၇ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် မင်းဦး၊ စစ်မင်းထက်၊ နေ့သစ်အေးအောင်၊ နန်းဆုဦး၊ ခင်ဇခြည်ကျော်၊ မိုးသဉ္ဇာ၊ မိကြွယ်စင်ကျော်ကျော်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# ဝါနာဘရားသားကုမ္ပဏီ၏ Superman ဇာတ်ကား ပထမသီတင်းပတ်ကုန်ဝင်ငွေ ကန်ဒေါ်လာ ၂၁၇ သန်းရရှိ

နယူးယောက် ဇူလိုင် ၁၅

ဝါနာဘရားသားကုမ္ပဏီ၏ Superman ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၁၇ သန်းရရှိခဲ့ကြောင်း ဇူလိုင် ၁၄ ရက် သတင်းများအရ သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် Superman ဇာတ်ကားကို ဇူလိုင် ၁၀ ရက်တွင် မြောက်အမေရိကနှင့် နိုင်ငံတကာ ရုပ်ရှင်ဈေးကွက်တို့၌ စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Superman ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဂန်းက တာဝန်ယူ ရိုက်ကူးပေးထားပြီး မင်းသား ဒေးဗစ်ကိုရန်စဝပ်၊ မင်းသမီး ရာချယ် ဘေရော့စနာဟန်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

Superman ဇာတ်ကားသည် ဒီစီ ကာတွန်းရုပ်ပြများမှ Superman ဇာတ်ကောင်ကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

Superman ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဝါနာဘရားသား ကုမ္ပဏီသည် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၂၂၅ သန်း အသုံးပြုထားသည်။

Superman ဇာတ်ကားသည် ဇူလိုင် ၁၃ ရက်ထိ ပြည်တွင်းဈေးကွက်ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၂၂ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၉၅ သန်း ရရှိထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် အိမ့်ချစ်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Restaurant တွင် ပြုလုပ်မည်ဖြစ်




ရန်ကုန် ဇူလိုင် ၁၅

တေးသံရှင် အိမ့်ချစ်၏ One lady Show တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Restaurant ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် အိမ့်ချစ်ထံမှ သိရသည်။

တေးသံရှင် အိမ့်ချစ်၏ One lady Show တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၂၀ ရက်တွင် တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Restaurant ၌ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး တေးသံရှင် အိမ့်ချစ်၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင် ၂၀ ရက်မှာ လုပ်မဲ့ အိမ့်ချစ်ရဲ့ တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲမှာ အိမ့်ချစ်နဲ့အတူ Transporter In-House Vocals တွေ၊ DJ Artists တွေကလဲ အကြမ်းစား Beats တွေနဲ့ ပံ့ပိုးသီဆိုပေးကြမှာ ဖြစ်သလို Daily Gita Band နဲ့ တွဲဖက်ပြီး Dancer တွေ့ရဲ့အမိုက်စား Performance တွေကိုလဲ မြင်ရအုံးမှာမို့ Transporter ကို အရောက်လှမ်းခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု တေးသံရှင် အိမ့်ချစ်က ပြောပြသည်။

တေးသံရှင် အိမ့်ချစ်၏ One lady Show တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၂၀ ရက် ည ၇ နာရီတွင် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Verity ဇာတ်ကားကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထား

နယူးယောက် ဇူလိုင် ၁၅

Amazon MGM စတူဒီယိုသည် Verity အမည်ရှိလျှို့ဝှက်သည်းဖို ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားကြောင်း ဇူလိုင် ၁၄ ရက်သတင်းများအရ သိရသည်။

Verity ဇာတ်ကားသည် အမေရိကန် စာရေးဆရာမ ကောလင်းဟိုးဗား၏ အမည်တူလျှို့ဝှက်သည်းဖိုဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ရှိုဝေါ်တာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ နစ်အင်တိုစကာက ဇာတ်ညွှန်း ရေးသားပေးထားကြောင်း သိရသည်။

Verity ဇာတ်ကားတွင် မင်းသမီး အန်နီဟေသာဝေး၊ ဒါကိုတာ ဂျွန်ဆင်နှင့်မင်းသား ဂျို့ဟားနက်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး Verity ဇာတ်ကားသည် နာမကျန်းဖြစ်နေသည့် စာရေးဆရာမ တစ်ဦး၏ မပြီးပြတ်သေးသော စာအုပ်များကို ဆက်လက်ရေးသားရန် ငှားရမ်းခံရသည့် အမျိုးသမီး စာရေးဆရာမတစ်ဦး၏ ဆန်းကြယ်သည့် လျှို့ဝှက်ချက်များနှင့်ရင်ဆိုင်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# အောင်ခေတ်မင်းရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မာန် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လပထမပတ်တွင် ရုံတင်ပြသမည်

ရန်ကုန် ဇူလိုင် ၁၅

အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မာန် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လပထမပတ်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးပုံဖော်ထားသည့် ဒါရိုက်တာ သန်းထိုက် (ရွှေရိပ်) ထံမှ သိရသည်။

မာန် ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို ညီရဲမင်းက ရေးသားထားကာ ဒါရိုက်တာ သန်းထိုက် (ရွှေရိပ်)က ဇာတ်ညွှန်းရေးသားထားပြီး အောင်ခေတ်မင်းရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ သန်းထိုက် (ရွှေရိပ်)ကပင် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက အိမ်ထောင်ရေးဇာတ်လမ်းလေးပါ။ မိသားစုတွေစုဝေးပြီး ကြည့်ရှုလို့ရပါတယ်။ အိမ်ထောင်ရေး ပညာပေးကား စစ်စစ်ပါ။ ၂၀၂၄ ခုနှစ်က ရိုက်ကူးခဲ့တဲ့ ဇာတ်ကားလေးပါ။ ဒီဇာတ်ကားမှာ ဝါရင့်ဇာတ်ပို့ ကိုကိုဦးရဲ့သား သီဟအောင်နဲ့ ခင်ဇခြည်ကျော်ရဲ့သမီး ထင်သဇ္ဇာတို့ ပွဲဦးထွက်အနေနဲ့ ပါဝင်ထားပါတယ်" ဟု ဒါရိုက်တာ သန်းထိုက် (ရွှေရိပ်)က ပြောပြသည်။

အဆိုပါ မာန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်ဇော်၊ သီဟအောင်၊ မင်းပိုင်၊ သူရိယ၊ မေမြင့်မိုရ်၊ ထင်သဇ္ဇာ၊ မြတ်ကေသီအောင်၊ လင်းဇာနည်ဇော်၊ မျိုးမျိုးခိုင်၊ အေးခက်ခက်ပိုင်၊ ပပသင်း၊ မျိုးမျိုးနဲ့အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Chairman of National Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspects progress in repairing the Uttarathiri Dam in Nay Pyi Taw and ring road of Ministry of Labour and retaining walls affected by Mandalay earthquake




Vice-Senior General Soe Win inspects repair work.

**Nay Pyi Taw July 15**

Chairman of National Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, accompanied by union ministers, the Nay Pyi Taw Council chair and members of the entourage, inspected the progress in repairing the Uttarathiri Dam in Nay Pyi Taw and ring road of Ministry of Labour and retaining walls affected by Mandalay earthquake this evening.

The Vice-Senior General and party arrived at Uttarathiri Dam on Kyaukyoe creek in Uttarathiri Township and heard a report on water inlets damaged by the quake, geological surveys and ground tests for repairing the dam, leakages at the outlet conduit and progress in repairing the earth dam, presented by Union Minister U Min Naung and officials. The Vice-Senior General asked for more detail and gave guidance.

The Vice-Senior General and party observed the removal of damaged structures, installation of a sluicegate at the emergency spillway to be used as a diversion portal.

With regard to repairing the dam, efforts are being made to build a reserved spillway channel, dig a 1,350 feet route of the water inlet channel heading to Chaungmagyi Dam, place concrete on the low-laying area of the main spillway, remove water and silt between the temporary dyke and the original embankment, and construct a ring bund to protect the tower against the inflow of water. Moreover, the concrete tower was demolished to carry out cleansing tasks with putting off the values of the sluicegate, permanently closing the conduit damaged by the earthquake, filling soil on the eastern part of the embankment with banquette to ensure long term strengthening, removing the soil from the landslide areas downstream of the dam. In addition, the embankment was refilled with soil in an original state with construction of a concrete valve with 6 feet by 8 feet in size at the diversion channel. The conduit was drilled to have a hole to be filled concrete into the concrete pipe, while a socket is being made to be installed to block the concrete pipe and the design is being formulated swiftly to install the valve in the diversion channel.



Vice-Senior General Soe Win hears report on repair work.

Ottarathiri Dam is of earthen embankment, covering 1,500 acres of watershed. Its embankment is 60 feet in height and 1,120 feet in length. It was built in 2008-2009 financial year to supply sufficient drinking to dwellers in Ottarathiri Township. Now, the dam turns 17 years.

The Vice-Senior General and party arrived at the Ministry of Labour where Union Ministers U Chit Swe and U Myo Thant reported on conducting the soil test for reconstruction of the office building and the circular road damaged by the earthquake, placing an earthen road with 12 feet in width in the place of the damaged concrete facility, construction of new gravel-filled retaining walls with reinforced concrete and bored piles, building of a temporary water outlet channel and other future plans. The Vice-Senior General coordinated with officials to fulfill the needs.

The Vice-Senior General inspected preparations to drive bored piles for construction of the RC retaining walls, and functioning of the office works at the 40 feet by 40 feet and 40 feet by 60 feet prefabricated offices in the office compound and gave necessary instructions. 100



Vice-Senior General Soe Win inspects repair work at Uttarathiri Dam.

# Farmers harvest more than 7,000 acres of summer paddy in KhinU Township



Farmers harvestiong summer paddy in a feild.

**KhinU July 15**

According to KhinU Township Agriculture Department, over than 7,000 acres of summer paddy has been harvested in KhinU Township of Sagaing Region this year.

Local farmers planted 23,813 acres of summer paddy in the township, 7,860 acres of which has been harvested, yielding 85.10 baskets of paddy per acre.

"In KhinU Township this year, summer paddy was cultivated on up to 23,813 acres during the summer crop season. The paddy fields that were planted are now currently being harvested. As of today, over 7,000 acres have already been harvested. Summer paddy cultivation exceeded the originally projected acreage. Farmers received technical support on cultivation methods, awareness on pest prevention, advice to prevent crop losses, and guidance to ensure timely storage of harvested paddy under proper shelter," said U Nay Win Naing, Head of the Department of Agriculture in KhinU Township.

In KhinU Township, to improve per-acre yield and achieve the target output, high-quality seeds were distributed, technical pamphlets were handed out, farmer training sessions and educational talks were organized, and necessary inputs were provided in a timely manner.

It was learned that experienced farmers, after harvesting monsoon paddy and monsoon crops, are being encouraged to make timely preparations for the cultivation of summer paddy and other crops. This includes following the Department of Agriculture's guidelines on pest and disease prevention, implementing soil nutrient enrichment activities, and storing quality seeds in advance in coordination with the Department of Agriculture.

206

# More than 2,000 acres of maize and sweet corns planted in Mingin Township

**Mingin July 15**

Local farmers have planted more than 2,000 acres of maize and sweet corns in Mingin Township of Sagaing Region this year, according to the township Agriculture Department.

Local authorities earmarked cultivation of 529 acres of maize and 3,301 acres of sweet corns in the township. But local farmers have planted 277 acres of maize and 2,505 acres of sweet corns against the target cultivation.

"During this year's monsoon crop season, over 3,000 acres have been designated for the cultivation of maize and sweet corn in Mingin Township. As of today, more than 2,000 acres have already been cultivated. Efforts are underway to reach the target acreage. To ensure successful crop growth, farmers are being educated and given awareness on preventing pest and disease infestations," said Daw Hayman Kyaw Win, Head of the Department of Agriculture in Mingin Township.

This year, the Department of Agriculture in Mingin Township has been providing maize and sweet corn farmers with training, conducting field demonstrations, and raising awareness on preventive measures against fall armyworm. Integrated crop protection measures are also being introduced, including the use of neem-based insecticides and safe application of pesticides for pests affecting ginger and chili plants, along with ongoing education on agricultural practices.

In Mingin Township, maize cultivation yields over 50 baskets per acre, with an estimated cost of around K500,000 per acre. Sweet corn cultivation yields about 15,000 cobs per acre, with costs exceeding K500,000 per acre as well.

206

# Kalewa Township authorities manage cultivation of more than 1,000 acres of vegetables

**Kalewa July 15**

Statistics of Kalewa Township Agriculture Department in Sagaing Region, a total of 1,092 acres of vegetables have been planted in the township this year.

During the 2025-2026 monsoon crop season, a total of 1,935 acres have been designated for vegetable cultivation in Kalewa Township. Planting began in May of this year, and as of today, 1,092 acres have already been cultivated.

"This year, over 1,900 acres of vegetables are planned for cultivation in Kalewa Township during the monsoon season. As of today, more than 1,000 acres have already been planted. Efforts are ongoing to meet the full target acreage. The crops include roselle, chilli, cauliflowers, herbs, potatoes, okra, Chinese cabbage, eggplant, and ridge gourd. Farmers are being provided with technical assistance to grow all these vegetables following the GAP (Good Agricultural Practices) system. They're also being trained to minimize chemical residues and grow crops that are health-friendly," said U Myo Naing, Head of the Township Department of Agriculture in Kalewa.

This year, the Kalewa Township Department of Agriculture has been providing farmers with training to grow vegetables using GAP methods. They are also teaching techniques to ensure that vegetables harvested from the fields are healthy and safe for consumption. Support is also being given to encourage farmers to expand their vegetable cultivation areas.

In Kalewa Township, seasonal vegetables are grown year-round. These vegetable crops have been successful and have contributed to household income. The Department of Agriculture is also educating farmers on proper cultivation methods, pest prevention, the use of natural fertilizers, and the preparation and use of natural pesticides and repellents.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# U.S. tariff threat on EU "absolutely unacceptable": Danish FM

**Brussels July 15**

Danish Foreign Minister Lars Lokke Rasmussen condemned the Trump administration's threat to impose 30 percent tariffs on European Union (EU) exports as "absolutely unacceptable" during a joint press conference with EU trade chief Maros Sefcovic here on Monday.

Rasmussen said that the bloc views the threat as "absolutely unacceptable and unjustified" and is prepared to respond if talks with Washington fail to produce a viable outcome.

"We are committed to continuing working with the United States on a negotiated outcome," he said, but the agreement has to be "mutually acceptable" on both sides.

He revealed that the EU will react with robust and proportionate countermeasures if required.

Sefcovic noted that the 27-country bloc is preparing potential countermeasures worth 72 billion euros (84 billion U.S. dollars).

"We must be prepared for all outcomes, including, if necessary, well-considered proportionate measures to restore balance in our transatlantic relationship," he stressed.

Xinhua



EU trade chief Maros Sefcovic (L) and Danish Foreign Minister Lars Lokke Rasmussen attend a joint press conference in Brussels, Belgium, July 14, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက Geran-2 တိုက်ခိုက်ရေးဒရုန်းဖြင့် ယူကရိန်းရေဒါတစ်စင်းကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့




ရုရှားတပ်ရင်း၊ တပ်ဖွဲ့များသည် ယူကရိန်း အထူးစစ်ဆင်ရေးတွင် ယူကရိန်းနိုင်ငံမြောက်ပိုင်း Chernigov ဒေသတွင် Geran-2တိုက်ခိုက်ရေးဒရုန်းဖြင့် ယူကရိန်းရေဒါတစ်စင်းကို တိုက်ခိုက် ဖျက်ဆီးနိုင်ခဲ့ကြောင်း မော်စကိုမြို့တော်ရှိ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်း ဌာနက ဇူလိုင် ၁၄ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ် ပြန်ချက်တစ်ခုတွင် Geran-2 ဒရုန်းများ တပ်ဖြန့်ထားသော ရုရှားမောင်းသူမဲ့ လေယာဉ်တပ်ဖွဲ့တစ်ခုသည် Borzna မြို့ အနီးတွင် ယူကရိန်းလေတပ်မှတပ်ဖြန့် ချထားသော ရေဒါယာဉ်တစ်စင်းကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ပူးတွဲပါ ဗီဒီယိုဖိုင်နှင့်အတူ ထုတ်လွှင့်ပြောကြား ခဲ့သည်။ အလားတူပင် Geran-2 တိုက်ခိုက်ရေးဒရုန်းများဖြင့် ရုရှားနိုင်ငံ၊ Donetsk ဒေသအတွင်းရှိ ယူကရိန်း မရိန်းတပ်ဖွဲ့များ တပ်စွဲထားနေရာများပါ တိုက်ခိုက်နိုင်ခဲ့ပြီး Sumy ဒေသအတွင်းရှိ ယူကရိန်းတို့၏ မောင်းသူမဲ့လေယာဉ် ထုတ် အလုပ်ရုံတစ်ခုကိုလည်း တိုက်ခိုက် ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံထုတ် Geran-2 တိုက်ခိုက် ရေး ဒရုန်းသည် “flying wing” aerodynamic configuration ဖွဲ့စည်းတည် ဆောက်ပုံဒီဇိုင်းကို အသုံးပြုထားပြီး အလေးချိန် ၄၀ ကီလိုဂရမ်ရှိ ထိပ်ဖူး တပ်ဆင်ထားကာ အကွာအဝေး ၂၀၀၀ ကီလိုမီတာ (၁၂၅၀ မိုင်) ထိ ပျံသန်း စစ်ဆင်နိုင်စွမ်းရှိသည်။ ၎င်းသည် ပုံမှန် အားဖြင့် အလျင်နှုန်း တစ်နာရီလျှင် ၁၅၀ ကီလိုမီတာ၊ ၁၇၀ ကီလိုမီတာဖြင့် ပျံသန်းနိုင်စွမ်းရှိပြီး ရေဒါဖြတ်ပိုင်းဧရိယာ နည်းပါးမှုနှင့် လှုပ်ရှားစစ်ကစားပျံသန်း နိုင်မှုများကြောင့် ယူကရိန်းတို့၏ လေကြောင်းရန် ကာကွယ်ရေးစနစ်များ အပေါ် ထိုးဖောက်ဝင်ရောက်၊ တိုက်ခိုက် နိုင်စွမ်းရှိသော ကာမိကာဇီတိုက်ခိုက် ရေးဒရုန်းအမျိုးအစားဖြစ်သည်။ ရုရှား တပ်ဖွဲ့များသည် Geran-2 တိုက်ခိုက်ရေး ဒရုန်းများကို အရေအတွက် အမြောက် အမြား ပစ်လွှတ်တိုက်ခိုက်လေ့ရှိကြ သဖြင့် သက်ဆိုင်ရာရည်မှန်းချက်ပစ်မှတ် များထံ ရောက်ရှိတိုက်ခိုက်နိုင်မှုနှုန်း ပိုမိုမြင့်မားကောင်းမွန်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းပဋိပက္ခ ပြင်းထန်လာချိန်မှစ၍ ရုရှားတပ်မတော်သည် ယူကရိန်းတို့၏ အရပ်ဘက်၊ စစ်ဘက်နှစ်မျိုးသုံး အခြေခံ အဆောက်အအုံများ၊ စစ်ရေးစွမ်းအားစု များနှင့် လက်နက်သိုလှောင်ရာနေရာများ ကို တိုက်ခိုက်ချေမှုန်းရန်အတွက် တာဝေးပစ်ဒရုန်းများ အမြောက်အမြား တပ်ဖြန့်အသုံးပြုခဲ့ကြသည်။ Geran-2 တိုက်ခိုက်ရေးဒရုန်း၏ မြင့်မားသော ထုတ်လုပ်မှုနှုန်းမှာ လစဉ် ဒါဇင် သို့မဟုတ် ရာနှင့်ချီ၍ ထွက်ရှိကြောင်း၊ ထို့သို့ထုတ် လုပ်မှုစွမ်းအားကြောင့်သာ ရုရှားတပ်ရင်း၊ တပ်ဖွဲ့များ ဒရုန်းများ ဒါဇင်နှင့်ချီ၍ နေ့စဉ်နှင့်အမျှ အသုံးပြုတိုက်ပွဲဝင်နေနိုင် ခြင်းဖြစ်ကြောင်း သိရသည်။

**Russian kamikaze drone destroys Ukrainian radar – MOD (VIDEO) ကို ဘာသာပြန်ဆိုထားပါသည်။**

## ရိုမေးနီးယားက အစ္စရေးထုတ် Iron Dome လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုဝယ်ယူရန် အတည်ပြုလိုက်ပြီဖြစ်

ရိုမေးနီးယားနိုင်ငံသည် အစ္စရေးထုတ် Iron Dome လေကြောင်းရန်ကာကွယ်ရေး စနစ်ကိုဝယ်ယူရန် တရားဝင်အတည်ပြု လိုက်ပြီဖြစ်ကြောင်း ရိုမေးနီးယား ကာကွယ်ရေးဝန်ကြီး Ionut Mosteanu က ဇူလိုင် ၁၀ ရက်တွင် Romania-Insider သတင်းဝက်ဘ်ဆိုက်မှတစ်ဆင့် ကြေညာခဲ့သည်။

ဤကြေညာချက်သည် ရိုမေးနီးယား နိုင်ငံ၏ စစ်ရေးစွမ်းဆောင်ရည် ပြသထား နိုင်ခဲ့သည့် တာတိုနှင့်ပခုံးထမ်းလေကြောင်း ရန်ကာကွယ်ရေးဖြေရှင်းချက်ကို ပေါင်းစပ် အသုံးပြုလာသည့် ပထမဆုံးအကြိမ် ဥရောပနိုင်ငံဖြစ်လာစေခဲ့သည်။

ကာကွယ်ရေးဝန်ကြီး Ionut Mosteanu က Iron Dome လေကြောင်းရန် ဒုံးကျည်တပ်ခွဲများဝယ်ယူခြင်း၏ မဟာ ဗျူဟာမြောက် မရှိမဖြစ်လိုအပ်မှုကို အလေးထားပြောကြားခဲ့သည်။ ၎င်းစနစ် များသည် စစ်ဘက်အဆောက်အအုံများ၊ အရပ်ဘက် အခြေခံအဆောက်အအုံများ နှင့် မြို့ပြဗဟိုချက်နေရာများကို ခရုဇ် ဒုံးကျည်များ၊ ရော့ကတ်များ၊ အမြောက် ကျည်များနှင့် မောင်းသူမဲ့လေယာဉ်များ ကို ကာကွယ်ရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ကြောင်း မီးမောင်း ထိုးပြခဲ့သည်။

ယခုလုပ်ဆောင်ချက်သည် ရိုမေ နီးယားနိုင်ငံ၏ စစ်ဘက်ခေတ်မီ အဆင့် မြှင့်တင်ရေး ဦးတည်ကြိုးပမ်းမှုတွင် သိသာထင်ရှားသော ပြောင်းလဲမှုကို အချက်ပြနေပြီး ၂၀၂၅ ခုနှစ် ကာကွယ်ရေး ဘတ်ဂျက်၏ ၃၀ ရာခိုင်နှုန်းနီးပါးကို ဝယ်ယူမှုများအတွက် ခွဲဝေချထားသည့် ကာကွယ်ရေးအသုံးစရိတ် မဟာဗျူဟာ နှင့်ကိုက်ညီနေသည်။ Rafael Advanced Defense Systems ကုမ္ပဏီနှင့် Israel Aerospace Industries ကုမ္ပဏီတို့ ပူးပေါင်း၍ တီထွင်ထုတ်လုပ်ထားသော ဤ Iron Dome စနစ်သည် ကမ္ဘာပေါ်တွင် အထိရောက်ဆုံး တိုက်ပွဲဝင်နိုင်မှုစွမ်းရည် ပြသထားနိုင်သည့် တာတိုပစ်လေကြောင်း ရန်ကာကွယ်စနစ်အဖြစ် သတ်မှတ်ခံ ထားရပြီး၊ တိုက်ခိုက်ရေးအခြေအနေများ တွင် အောင်မြင်မှုရာခိုင်နှုန်း ၉၀ ရာခိုင်နှုန်း ကျော်ရှိကြောင်း သိရသည်။ ရိုမေးနီးယား က Iron Dome ဝယ်ယူအသုံးပြုခြင်း သည် ဥရောပမဟာမိတ်များ လေကြောင်း ရန်ကာကွယ်ရေးအတွက် စံနှုန်းသစ် တစ်ခုကို ချမှတ်ပေးလိုက်ခြင်းဖြစ်ပြီး၊ NATO တပ်ဖွဲ့များအတွင်း အစ္စရေး လေကြောင်းရန်ကာကွယ်ရေးနည်းပညာ ကို ထပ်မံပေါင်းစည်းမှုအတွက် လမ်းခင်း ပေးနိုင်ဖွယ်ရှိသည်။

ရိုမေးနီးယားနိုင်ငံ၏ဝယ်ယူမှုအစီအစဉ် တွင် Iron Dome စနစ်တပ်ခွဲများစွာ ပါဝင် မည်ဟုမျှော်မှန်းရပြီး၊ တပ်ခွဲ ၁ ခွဲစီအတွက် Tamir ကြားဖြတ်ဒုံးကျည်များ၊ EL/M-2084 ရေဒါစနစ်များနှင့် ကွပ်ကဲထိန်းချုပ် မှုစနစ်များ ပါဝင်လာမည်ဖြစ်ကြောင်း နီးစပ်သောကာကွယ်ရေးသတင်းရင်းမြစ် များအရ သိရသည်။



ဤလက်နက်စနစ်ဖွဲ့စည်းပုံကို အနိမ့် ပျံသန်းဒရုန်းများမှသည် ဒုံးကျည် တိုက်ခိုက်မှုများထိ ပြောင်းလဲလာနေ သော ဝေဟင်ခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် ဒီဇိုင်းထုတ်ထား ခြင်းဖြစ်သည်။

Iron Dome ဝယ်ယူရေးစာချုပ်အပြင် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး စနစ်များနှင့် ဒုံးကျည်တပ်ဆင်ထားသော စစ်ရေယာဉ်ငယ်များကဲ့သို့သော ခေတ်မီ ရေတပ်အဆင့်မြှင့် တင်ရေးအစီအစဉ်များ ဖြင့် ဖြည့်စွက်ဝယ်ယူမှုများ ဆက်လက် ပါဝင်ဖွယ်ရှိပြီး၊ ရိုမေးနီးယား၏ အဆင့် မြင့်၊ အပြန်အလှန် လုပ်ဆောင်နိုင်သော ကာကွယ်ရေးစနစ်များ ပါဝင်နေသည့် NATO အဖွဲ့ဝင် ရှေ့တန်းကျကျနိုင်ငံ၏ အခန်းကဏ္ဍကိုခိုင်မာအားကောင်းစေမည် ဖြစ်သည်။ ဝယ်ယူပြီးသည်နှင့် Iron Dome စနစ်သည် ဟန့်တားမှုတစ်ခုအဖြစ် သာမက NATO အဖွဲ့၏ပေါင်းစည်း လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး ဖွဲ့စည်းပုံအတွက် ရိုမေးနီးယားနိုင်ငံဘက် မှပံ့ပိုးမှုကို သိသိသာသာ မြှင့်တင်ပေးနိုင် မည်ဖြစ်ကြောင်း သိရသည်။

**Breaking News: Romania becomes first European customer of Israeli air defense Iron Dome to protect NATO eastern flank. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၄၅၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၄၅၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၆၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၅၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဝါဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ တောင်သူတွေလွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ဖို့အတွက် ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရန် စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းသုံးစွဲမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ညောင်တုန်း ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ညောင်တုန်းမြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်အရောင်းအဝယ်ကောင်းမွန်နေပြီး လက်ရှိတွင်လည်း တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာ ၄၅၀၀ မှ ၆၅၀၀ ထိအရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိ တိုင်ထောင်ပဲသီး ပိဿာချိန် ၆၅၀၀ ထိ တစ်ရက်တာအတွင်း အရောင်းအဝယ် ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေအများအပြား စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလဲ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအား ကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်းပိုမို အဆင်ပြေလာပါတယ်"ဟု ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူအားကောင်းလာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် လက်ပံပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံပင်စုကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လက်ပံပင်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦး၊ အခြားလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# သံတောင်ကြီးမြို့နယ် ရွာကြီး(ဟောင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး



**သံတောင်ကြီး ဇူလိုင် ၁၅**


ကရင်ပြည်နယ် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ ရွာကြီး(ဟောင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရွာကြီး(ဟောင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊စီမံကိန်းဆိုင်ရာ စာရင်းဇယားဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၃ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၂၂ ဒသမ ၁ သန်း၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ငယ်လေး**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဥတ္တရသီရိရေလှောင်တမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အလုပ်သမားဝန်ကြီးဌာနရုံးဝင်းအတွင်း ယာယီရုံးခန်းများ ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

⚐ ရှေ့ဖုံးမှအဆက်

ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့နယ် ကျောက်အိုးချောင်းပေါ်တွင်တည်ရှိသည့် ဥတ္တရသီရိ ရေလှောင်တမံသို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့်တာဝန်ရှိသူများက လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဆည်အတွင်း ရေဝင်ရောက်ရာလမ်းကြောင်းများ၊ တမံပြန်လည်ပြုပြင်ရန်အတွက် ဘူမိဗေဒတိုင်းတာခြင်း၊မြေစမ်းသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ရေလှောင်တမံရေထုတ်ပြွန်မှရေယိုစိမ့်မှုနှင့် မြေသားတမံ၏ဖို့မြေထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံအတွင်းရှိ လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရေလယ်အဆောက်အအုံကို ဖယ်ရှားရှင်းလင်းနေမှု၊အရန်အရေးပေါ်ရေပိုလွှဲအား ရေတံခါးတပ်ဆင်၍ရေလွှဲပေါက်တစ်ခုအဖြစ် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှု

# မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေး ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၅

မြန်မာနိုင်ငံမျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးစုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ခိုင်မာသောမျိုးစေ့လုပ်ငန်းတစ်ခုဟူသည် အရည်အသွေးပြည့်မီသော မျိုးစေ့များကို လိုအပ်သောအချိန်၊လိုအပ်သော နေရာတွင် လိုအပ်သောပမာဏကိုတောင်သူလယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်သူများ ရရှိအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊လက်ရှိစိုက်ပျိုးရေးလုပ်ငန်းများအတွက် ပြည်တွင်း၌ထုတ်လုပ်ခြင်းနှင့် ပြည်ပမှတင်သွင်းခြင်းနည်းလမ်းများဖြင့် မျိုးစေ့ဖူလုံမှုကို ဆောင်ရွက်နေသော်လည်း ရေရှည်တွင် သီးနှံစုံစိုက်ပျိုးရေးအတွက် လိုအပ်သောမျိုးစေ့များကို မိမိတို့နိုင်ငံ၏ကွဲပြားခြားနားသည့် ရေ၊ မြေ၊ ရာသီဥတုအနေအထားအရ မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပြီး ပြည်တွင်းမျိုးစေ့လိုအပ်ချက်ကိုလုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေးအပြင် တဖြည်းဖြည်းကြီးမားလာလျက်ရှိသည့် ကမ္ဘာ့မျိုးစေ့ဈေးကွက်ရှိ ဒေသတွင်းနိုင်ငံများ၏ မျိုးစေ့ဈေးကွက်ကိုမျှဝေရယူနိုင်မည့် အခွင့်အလမ်းများအရ ပြည်တွင်းမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

အနာဂတ်ကာလတွင် မျိုးစေ့ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးစေ့ထုတ်လုပ်တင်ပို့သည့် နိုင်ငံအဖြစ်ပေါ်ထွန်းလာစေရန် လိုအပ်သော





နေပြည်တော် ဥတ္တရသီရိရေလှောင်တမံ ရေပိုလွှဲအား တွေ့ရစဉ်။

Downstream ဘက်ခြမ်းထူးပေါက်နှင့် မြေကျုံ့ကျမှုဖြစ်ပေါ်ခဲ့သော နေရာများမှ မြေသားများကို ဖယ်ရှားရှင်းလင်းပြီး တမံဖို့ရန်သတ်မှတ်ထားသည့် မြေအမျိုးအစားဖြင့် သတ်မှတ်ပုံစံအတိုင်း ပြန်လည်ကြိတ်ဖို့ခြင်း၊ ရေလွှဲမြောင်း Diversion Channel နေရာတွင် ၆ပေ x ၈ပေအရွယ် ရေတံခါးတစ်ခုကို ကွန်ကရစ်ဖြင့်တည်ဆောက်ခြင်း၊ကွန်ကရစ်ပိုက်အတွင်းကွန်ကရစ်လောင်းရန် Conduit ပိုက်အားအပေါက်ဖောက်ခြင်း၊ပိတ်ဆို့ရမည့်နေရာတပ်ဆင်နိုင်ရန် Socket ပြုလုပ်ခြင်းနှင့်ရေလွှဲကြောင်းအား ရေတံခါးတပ်ဆင်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဥတ္တရသီရိရေလှောင်တမံသည် ရေဆင်းဧရိယာဧက ၁၅၀၀၊ တမံအမြင့်ပေ ၆၀၊ တမံအလျားပေ ၁၁၂၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာပေးဝေသို့ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်ဆွေနှင့်ဦးမျိုးသန့်တို့က ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံနှင့်ရုံးပတ်လမ်း ပြန်လည်တည်ဆောက်ရန်အတွက် မြေသားစမ်းသပ်ခြင်း၊ ကွန်ကရစ်လမ်းနိမ့်ကျုံ့ကွဲအက်ပျက်စီးခဲ့သောနေရာတွင် ၁၂ ပေအကျယ်မြေသားလမ်းခင်းခြင်း၊ သံကူကွန်ကရစ်နှင့် Bored Pileကျောက်စီမြေကာနံရံအသစ်တည်ဆောက်ခြင်း၊ ယာယီရေထုတ်မြောင်းတည်ဆောက်ခြင်းနှင့် ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် RC မြေထိန်းနံရံများတည်ဆောက်ရန်အတွက် Bored Pile တူးဖော်နေမှုရုံးဝင်းအတွင်း Prefabricated





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အလုပ်သမားဝန်ကြီးဌာန မြေထိန်းနံရံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

စစ်ဆေးကြသည်။

အဆိုပါ ရေလှောင်တမံတွင်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအနေဖြင့် အရန်ရေပိုလွှဲလမ်းကြောင်းဖော်ထုတ်ခြင်း၊ တမံအတွင်းရေဝင်လမ်းကြောင်းကိုချောင်းမကြီးဆည်ဘက်သို့ ပေ ၁၃၅၀ တူးဖော်ခြင်း၊ ပင်မရေပိုလွှဲတွင်ရေဝပ်နေရာကိုကွန်ကရစ်လောင်းခြင်း၊ ယာယီရေတားတမံနှင့်မူလတမံကြားရှိရေနှင့် သဲနုန်းများစုပ်ထုတ်ရှင်းလင်းခြင်းနှင့် Tower အတွင်းရေမဝင်အောင် Ring Bund ပတ်၍ လုပ်ငန်းများဆောင်ရွက်ခြင်း၊ ကွန်ကရစ် Tower အားဖြိုဖျက်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေတံခါးဖြုတ်ခြင်း၊ ငလျင်ဒဏ်ကြောင့် ပေါက်ပြဲပျက်စီးခဲ့သည့် ရေထုတ်ပြွန်ကို ကွန်ကရစ်ဖြင့် အပြီးပိတ်ခြင်း၊ရေလုံမြေဖြင့်ဖို့၍ရေရှည်တမံကြံ့ခိုင်မှုရှိစေရန်တမံအရှေ့ဘက်မှ Banquette ဖို့ခြင်း၊တမံအောက်ဘက်နိုင်ရေးအတွက် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန Office ပေ ၄၀ x ပေ၄၀ နှင့် ပေ ၄၀ x ပေ ၆၀ တို့ဖြင့် ယာယီရုံးခန်းများ ဖွင့်လှစ်၍ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြင်ဆင်မှု၊ ဖြေလျှော့မှု၊ ပံ့ပိုးကူညီမှုများကို ဖန်တီးပေးခြင်း၊မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ တောင်သူများအနေဖြင့်လည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက်အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေးကြိုးပမ်းကြရန်လိုကြောင်း၊ သို့မှသာ တောင်သူလယ်သမားများနှင့် မျိုးစေ့ထုတ်လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများ သာမက နိုင်ငံတော်အတွက်ပါ များစွာ အကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မြန်မာ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏အရေးပါမှုကို တင်ပြပြီး သက်ဆိုင်ရာပညာရှင်များက မျိုးစေ့ဥပဒေ၊ စည်းမျဉ်းများနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အလေ့အကျင့်ကောင်းများ၊ မြန်မာ့မျိုးစေ့သုတေသနနှင့်မျိုးကွဲသစ်များဖော်ထုတ်ခြင်း၊ မြန်မာနိုင်ငံမျိုးစေ့အသင်းဥက္ကဋ္ဌနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများက ပုဂ္ဂလိကကဏ္ဍ၏ မြန်မာ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးနှင့်ရင်ဆိုင်နေရသောစိန်ခေါ်မှုများ၊ မျိုးစေ့လုပ်ငန်းနှင့်စပ်လျဉ်း၍ အခက်အခဲများ၊ တောင်သူတစ်ဦးက တောင်သူများ မျိုးကောင်းမျိုးသန့် မျိုးစေ့ရရှိသုံးစွဲမှုနှင့် ရင်ဆိုင်ရသည့် အခြေအနေများကိုတင်ပြဆွေးနွေးကြသည်။

အုပ်စုအလိုက်ဆွေးနွေးခြင်းတွင် မျိုးစေ့ဥပဒေနှင့် မူဝါဒ၊ မျိုးစေ့ထုတ်လုပ်မှုနှင့် အရည်အသွေး၊ မျိုးစေ့ဖြန့်ဖြူးမှုနှင့် ဈေးကွက်၊ မျိုးစေ့သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အုပ်စုလေးခုခွဲ၍ ဆွေးနွေးပြီး အုပ်စုကိုယ်စားလှယ်များက ဆွေးနွေးချက်ရလဒ်များကို ပြန်လည်တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတွင်ဝန်ကြီးဌာနမှ မျိုးစေ့ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍမှ မျိုးစေ့ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့မျိုးစေ့ကဏ္ဍ၏လက်ရှိအခြေအနေကို နားလည်သဘောပေါက်ရန်နှင့် အဓိကစိန်ခေါ်မှုများကိုဖော်ထုတ်ရန်၊မျိုးစေ့ထုတ်လုပ်မှု၊ အရည်အသွေးထိန်းချုပ်မှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာသုံးသပ်ချက်များကို သိရှိစေရန်၊ အစိုးရပုဂ္ဂလိကနှင့်တောင်သူအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဝေတာဝန်ယူခြင်းအားဖြင့် သီးနှံများအထွက်တိုးရေးကို အထောက်အကူဖြစ်စေရန်၊ မျိုးစေ့ကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် မူဝါဒအကြံပြု ချက်များချမှတ်ရန် ရည်ရွယ်ကျင်းပသည့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမျိုးစေ့အသင်း၊ မျိုးစေ့ထုတ် ကုမ္ပဏီများနှင့် မျိုးစေ့ထုတ်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ၇၈ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင်ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီမှ အခမ်းအနားပြီးစီးသည်ထိ အနောက်ရွှေဂုံတိုင်လမ်းကို ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ဖွင့်လှစ်ပြသမည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ညနေ ၆ နာရီထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအားရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ညနေ ၆ နာရီထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်နေသည့်အချိန်တွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## လွတ်လပ်ရေးအဓိပ္ပာယ်

လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာဖြစ်နိုင်တယ်။ အဲဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ရတဲ့အခါမှာလည်း နားလည်ရမှာက ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။ အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကို နားလည်ပြီး စည်းနဲ့ကမ်းနဲ့အလုပ်လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရမယ်။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၃ရက်တွင် မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးပြောကြားခဲ့သည့်မိန့်ခွန်းမှကောက်နုတ်ချက်



## ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဂျူဒိုအားကစားနည်းမှ အားကစားသမားများ တတိယအကြိမ်မြောက် အပြီးသတ်လူရွေးချယ်ခြင်းနှင့် လက်ရည်ဆန်းစစ်ပြိုင်ပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဂျူဒိုအားကစားနည်းမှ အားကစားသမားများ တတိယအကြိမ်မြောက် အပြီးသတ်လူရွေးချယ်ခြင်းနှင့် လက်ရည်ဆန်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင်အမျိုးသား Nage-no-Kata (နာဂေနိုခတ)ပြိုင်ပွဲများ၊ အမျိုးသမီး Ju- no- Kata (ဂျူးနိုခတ)ပြိုင်ပွဲများ၊ အမျိုးသားအမျိုးသမီး တစ်ဦးချင်းဝိတ်တန်းအလိုက် အတိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပ၍ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်အနေဖြင့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်နှင့် အောင်မြင်မှုများရရှိစေရန်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဂျူဒိုအားကစားသမားများကို လူရွေးချယ်ခြင်းနှင့် လက်ရည်ဆန်းစစ်ခြင်းပြိုင်ပွဲများကို ပထမအကြိမ်အဖြစ် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဇွန် ၂၀ ရက်တွင်လည်းကောင်းကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးရာသီကာလဖြစ်သော်လည်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားများ ပုံမှန်ဝင်ရောက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

မိုးရာသီကာလဖြစ်သော်လည်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားများ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ သိရသည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့ စုဝေးရာ ပုဂံဒေသ၌ ဘုရား၊ စေတီ၊ ပုထိုးပေါင်း ၃၈၂၂ ဆူနှင့် တန့်ကြည်တောင်ဧရိယာ၌ ဘုရား၊ စေတီ ၁၅ ဆူဖြင့် စုစုပေါင်း ၃၈၃၇ ဆူရှိပြီး ခရီးသွားအများအပြားဝင်ရောက်ရာ နေရာများရှိ ဒေသခံများ၏ မြန်မာ့သနပ်ခါးလိမ်းခြယ်ခြင်းနှင့် လက်ပန်းချီရေးဆွဲခြင်းတို့ကဲ့သို့ ဝန်ဆောင်မှုမျိုးကို ပြည်တွင်း၊ ပြည်ပခရီးသွားများ အထူးနှစ်ခြိုက်လေ့ရှိသည်။

"မိုးရာသီဆိုပေမယ့် ခရီးသွားဝင်နေပါတယ်။ ဒီလိုမိုးရာသီ ခရီးသွားဝင်တာက စက်တင်ဘာလမှာ ကျင်းပလေ့ရှိတဲ့ ပုပ္ပားတောင် ဘိုးတော်ထွက်ပွဲနဲ့ဆက်စပ်ပြီးတော့ ခရီးသွားကမပြတ်တော့ဘူး။ ပွင့်လင်းခရီးသွားရာသီနဲ့ပါ ဆက်သွားတဲ့အတွက် ဖြစ်ပါတယ်။ အခုလို မိုးကာလက ပွင့်လင်းရာသီလောက် ခရီးသွားမများပေမယ့် ခရီးသွား ပြတ်သွားတာတော့မရှိပါဘူး။ အောက်တိုဘာလပိုင်းဆိုရင် ပြည်ပခရီးသွားတွေပါ ဝင်လာကြပါပြီ"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောပြသည်။



"လက်ပန်းချီနဲ့ သနပ်ခါးလိမ်းခြယ်တဲ့ဝန်ဆောင်မှုကို လူငယ်ခရီးသွားတွေက ပိုပြီးနှစ်သက်ကြတယ်။ အညာသနပ်ခါးရဲ့ သင်းပျံ့တဲ့ရနံ့ကတော့ ခရီးသွားလူကြီး၊ လူငယ်တိုင်း ကြိုက်ကြပါတယ်။ ပြည်ပခရီးသွားတွေလည်း သဘောကျကြပါတယ်"ဟု ထီးလိုမင်းလိုဘုရားမှ လက်ပန်းချီရေးဆွဲသူ ကိုဇေယျာက ပြောပြသည်။

ပုဂံယဉ်ကျေးမှုနယ်မြေ၌ သီတင်းကျွတ်ကာလသည် ခရီးသွား အများအပြားဖြင့် စည်ကားလေ့ရှိပြီး ပြာသိုလပြည့်နေ့အခါသယမတွင် ကျင်းပသော အာနန္ဒာဘုရားပွဲတော်သည် ခရီးသွားများ အထူးနှစ်သက်သော အထင်ကရဘုရားပွဲတော်ဖြစ်ကြောင်း သတင်းရရှိသည်။ **ညိမ်းသူ(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။













☆ **ကျောဖုံးမှအဆက်**

လာရောက်ကြသူများသည် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများကို စိတ်ဝင်တစားမေးမြန်းလေ့လာခဲ့ကြသည်။

ပြခန်းတွင် မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသားများ၊ ကောင်စစ်ဝန်ရုံး မိသားစုများက မြန်မာ့ရိုးရာသူငယ်တော်အက၊ တစ်ပင်တိုင်မင်းသားအက၊ ဦးရွှေရိုးနှင့်ဒေါ်မိုးအက၊ မြန်မာ့ရိုးရာရုပ်သေးအက၊ မြန်မာ့စောင်း၊ မြန်မာ့ရိုးရာခြင်းလုံးတို့ဖြင့် ဖျော်ဖြေတင်ဆက်ပေးကြသည့်အတွက် နိုဗိုစီဗစ်မြို့သူ၊ မြို့သားများက တစ်ခဲနက်အားပေးကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူ ရုရှားနိုင်ငံသား ပရိသတ်များဖြင့် ပြခန်းသည် အထူးစည်ကားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံမှ ဝါရင့်စားဖိုမှူးကြီးနှင့် မြန်မာမိသားစုများက မြန်မာ့အစားအစာများကို ချက်ပြုတ်တည်ခင်းပြသ ဧည့်ခံခဲ့ရာ ပြပွဲလာရောက်ကြသူများ နှစ်သက်စွာ အားပေးခဲ့ကြပြီး တည်ခင်းဧည့်ခံသည့် အစားအစားများထဲမှ မြန်မာ့မုန့်ဟင်းခါးနှင့် လက်ဖက်ကို အထူးနှစ်သက်စွာ အားပေးခဲ့ကြသည့်အပြင် မြန်မာ့ဝိုင်ကိုလည်း စိတ်ဝင်စားမှု များပြားခဲ့ကြောင်း သိရသည်။

**သုံးရက်တာကာလအတွင်း မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းသို့ လာရောက်လည်ပတ်သူ ရုရှားနိုင်ငံသား သိန်းဂဏန်းဝန်းကျင်ရှိ . . .**

အဆိုပါအစားအစာနှင့် ခရီးသွားပြပွဲကို နိုဗိုစီဗစ်မြို့ အော့မြစ်ဘေးရှိ မီခါရိုလေ့ဗ်စကားရားပန်းခြံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပွဲကျင်းပသည့် သုံးရက်တာကာလအတွင်း မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းသို့လာရောက်လည်ပတ်သူ ရုရှားနိုင်ငံသား သိန်းဂဏန်းဝန်းကျင်ရှိခဲ့သည်။

ပြပွဲလာရောက်သူများ၏ စိတ်ဝင်စားအားပေးမှုသာမက နိုဗိုစီဗစ်အစားအစာနှင့် ခရီးသွားပြပွဲကျင်းပြရေးကော်မတီက ပြုလုပ်သည့် အစားအစာ၊ အချက်အပြုတ်အပျော်တန်းပြိုင်ပွဲ၌လည်း မြန်မာ့အစားအစာများကို ချက်ပြုတ်ပြသခဲ့ရာ ပြိုင်ပွဲဝင်များအကြား စိတ်ဝင်စားမှုများပြားခဲ့သည်။

ထိုသို့ပါဝင်ပြသခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ယဉ်ကျေးမှုအနုပညာများနှင့် မြန်မာနိုင်ငံ၏အထင်ကရ ခရီးစဉ်ဒေသများအကြောင်း ပြပွဲသို့လာရောက်သူများထံ တိုက်ရိုက်ဖြန့်ဝေဆောင်ရွက်နိုင်ခြင်း၊ ရုရှားခရီးသွားများ မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိကာ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ပြပွဲလာနိုင်ငံတကာနှင့် ရုရှားနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းများ၊ ရုရှားနိုင်ငံသားများ အထူးသဖြင့် နိုဗိုစီဗစ်မြို့သူ၊မြို့သားများထံ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေမိတ်ဆက်နိုင်ခဲ့သောကြောင့် ရုရှားခရီးသွားဈေးကွက်မြှင့်တင်နိုင်ရန် များစွာအထောက်အကူဖြစ်စေခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) ရွှေထီးတော်ရွှေသက်န်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်တော်မူအပ်သော ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)ရွှေထီးတော် ရွှေသက်န်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဇေတဝနာရုံအုပ်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါသဝသီရိအမှူးပြုသော ဆရာတော်၊ သံဃာတော် ငါးပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။



ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) ရွှေထီးတော်ရွှေသက်န်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ကျင်းပစဉ်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊သံဃာတော်များ ရွတ်ပွားချီးမြှင့်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ရွှေထီးတော်တွင် ကပ်လှူမည့် ရွှေသက်န်းများ၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေစက်ချတရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှအတမ်းပေးဝေ၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကိုရုပ်သိမ်းပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက ရွှေထီးတော်အား ရွှေသက်န်းများ ဆက်ကပ်ပူဇော်ကြပြီး ဆရာတော်များကို နေ့ဆွမ်းများဆက်ကပ်ခဲ့ကြောင်းနှင့် ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်မှာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး ယခုအခါ ပြန်လည်ပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# နေပြည်တော်တိုင်းစစ်ဌာနချုပ် ၁၈ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် ၁၈ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၂၀၂၅ ခုနှစ် ၁၈ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရေစည်သူ ဘဒ္ဒန္တဝိမလဗုဒ္ဓိအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အမှူးပြုသော သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲတွင် မြိတ်တပ်နယ်အသင်း ဒိုင်းဆုရရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇွန် ၂၇ ရက်မှ စတင်ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲ ပွဲစဉ်တွင် မြိတ်တပ်နယ် အသင်းက အနိုင်ရရှိပြီး ဒိုင်းဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် မြိတ်တပ်နယ် အသင်းနှင့် မြိတ်လေတပ်စခန်းဌာနချုပ် အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မြိတ်တပ်နယ် အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန် မြိတ်တပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "@moekyaw 3739" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကံဘဲ့ကျေးရွာနေ မိုးကျော်အား ည ၆ နာရီခွဲတွင် ဘုရားကြီးနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# စစ်ကိုင်းမြို့တွင် လျှော်ဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များကို စားရေရိက္ခာငါးမျိုးအတွက် ထောက်ပံ့ငွေများ ပေးအပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့တွင် လျှော်ဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များကို စားရေရိက္ခာငါးမျိုးအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၁၅

စစ်ကိုင်းမြို့အတွင်းရှိ လျှော်ဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များကို စားရေရိက္ခာငါးမျိုးအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီက ထောက်ပံ့သည့် ထောက်ပံ့ငွေများပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ နှစ် ၇၀၀ အားကစားကွင်း အားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက အဖွင့်အမှာစကားပြောကြားပြီး လျှော်ဒဏ်ခံစားခဲ့ရသည့် စစ်ကိုင်းမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများထံ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လျှော်ဒဏ်ခံစားခဲ့ရသည့် ဝန်ကြီးဌာန အသီးသီးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ကြသည်။

ယနေ့ကျင်းပပြုလုပ်သော လျှော်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များကို စားရေရိက္ခာငါးမျိုး ထောက်ပံ့ပေးအပ်ပွဲတွင် စစ်ကိုင်းမြို့ရှိ ဝန်ထမ်းနှင့် မိသားစုဝင် ၆၀၀၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၄၇၀၃၄၈၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)

# မိုင်းဆတ်-တာချီလိတ်လမ်းပေါ်ရှိ ဆိုက်ခေါင်တံတားသစ်စီမံကိန်းနေရာနှင့် လက်ရှိအသုံးပြုနေသည့် တံတားဟောင်း၏ ကြံ့ခိုင်မှုတို့ကို စစ်ဆေး



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် မိုင်းဆတ်-တာချီလိတ်လမ်းပေါ်ရှိ ဆိုက်ခေါင်တံတားသစ်စီမံကိန်းနေရာနှင့် လက်ရှိအသုံးပြုနေသည့် တံတားဟောင်း၏ ကြံ့ခိုင်မှုတို့ကို စစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းဆတ်-တာချီလိတ်လမ်းပေါ်ရှိ ဆိုက်ခေါင်တံတားသစ် စီမံကိန်းနေရာနှင့် လက်ရှိအသုံးပြုလျက်ရှိသော ဘေလီတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ဇူလိုင် ၁၄ ရက် ညနေပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား တံတားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တံတားသစ်စီမံကိန်းကို တစ်ဆင့်ချင်း အလိုက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ Bored Pile ၁၀ ခု စိုက်ထူသွားမည့်နေရာနှင့် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လက်ရှိအသုံးပြုလျက်ရှိသော ဘေလီတံတား၏ကြံ့ခိုင်မှုအခြေအနေများကို တာဝန်ရှိသူများနှင့်အတူ လိုက်လံစစ်ဆေးကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ တံတားသစ်စီမံကိန်းမှာ ၂၀၂၅-၂၀၂၆ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မိုင်းဆတ်-တာချီလိတ်လမ်းပေါ်မှ နမ့်ခုတ်ချောင်းကူးတံတားစီမံကိန်းဖြစ်ကာ အရှည်ပေ ၄၂၀ ရှိ RC Concrete အမျိုးအစားတံတားဖြစ်ပြီး ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "ဒလန်၊ သတင်းပေး၊ သူလျှိုစတဲ့စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့" ခေါင်းစဉ်ဖြင့် ၁၆-၇-၂၀၂၅ ရက် (ယနေ့) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၈၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်(စီမံ) ပါမောက္ခ ဒေါက်တာကျော်တင့်အား သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၉ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီးနိုင်ငံရေးပါတီ ၁၉ ပါတီအနက် ခွန်သန်းမြင့် ခေါင်းဆောင်သည့် **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၉ ပါတီအနက် ပါတီ ၁၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက် စာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

စာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၄၆ ဦးကို ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၄၆ ဦးကို ထပ်မံလွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇူလိုင် ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၄၆ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁၅ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၂၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# စစ်ကိုင်းနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၂၀ ဒသမ ၂၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ သန်းကျော်နှင့် ဘိန်းဖြူ ၂၂ ကီလိုဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တို့၌ ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့တွင် ငွေကျပ် ၂၀ ဒသမ ၂၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသန်းကျော်နှင့် ဘိန်းဖြူ ၂၂ ကီလိုတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ နီလာရပ်ကွက် ခရိုင်ချင်းဆက်လမ်းအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စောင့်ဆိုင်းစဉ် ဇူလိုင် ၇ ရက် ည ၆ နာရီခွဲခန့်တွင် ကျော်မင်းထွန်း မောင်းနှင်ပြီး ကျော်ထက်အောင် လိုက်ပါလာသော HYUNDAI STAREX မော်တော်ယာဉ်နှင့် ဟန်ငွေး မောင်းနှင်သည့် HYUNDAI STAREX မော်တော်ယာဉ်တို့ကို စစ်ဆေးရှာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၂၅ သန်းနှင့် ဘိန်းဖြူ ၂၂ ကီလို ဖမ်းဆီးရမိခဲ့ပြီး ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို သယ်ဆောင်ခိုင်းသူ ဟိန်းမင်းလတ်အား ဇူလိုင် ၈ ရက် နံနက် ၈ နာရီခန့်တွင် ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက် မြို့ရှောင်လမ်းပေါ်ရှိ တည်းခိုခန်း၌ FORD RANGER မော်တော်ယာဉ် တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထပ်မံ ဖော်ထုတ်ချက်များအရ မန္တလေးမှ ကလေးသို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်သူများဖြစ်သည့် ဇန်ကျဲအိုမန်းနှင့် ရှန်လေ့ကျူးတို့ကို ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၁၁၁ အိုင်လမ်းရှိနေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား လေးသန်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင်အသုံးပြုသည့် ဆီဘောက်ဆာယာဉ် နှစ်စီး၊ TOYOTA HILUX SURF မော်တော်ယာဉ် တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၂၅ သန်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၁၂၅ ဘီလီယံ)နှင့် ဘိန်းဖြူ ၂၂ ကီလို (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁ ဘီလီယံ) တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများကို တရားဥပဒေနှင့်အညီ အရေးယူထားရှိပြီး ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ပြစ်မှုကျူးလွန်သူ ဟန်ငွေး၊ ကျော်မင်းထွန်း၊ ကျော်ထက်အောင်နှင့် ဟိန်းမင်းလတ်တို့ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ပြစ်မှုကျူးလွန်သူ ရှန်လေ့ကျူး၊ ဇန်ကျဲအိုမန်းတို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မိုးညှင်းနှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ





**နေပြည်တော် ဇူလိုင် ၁၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် သတင်းအရ မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် ကျော်မင်းထက် မောင်းနှင်ပြီး မလှဦးလိုက်ပါလာသော မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ကီလို ၃၀ (တစ်ကီလိုလျှင် ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၆၀) ဖမ်းဆီးရမိခဲ့ပြီး အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါနေရာ၌ မန္တလေးမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၇၀)နှင့် ဘိန်းဆီခဲ ၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၁၀ စုစုပေါင်း ဒေသတန်ဖိုး သိန်း ၄၈၀) တို့ကိုလည်းကောင်း။

ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် သတင်းအရ လားရှိုးမြို့အဝင် ရေပူစမ်းလမ်းဆုံအနီးတွင် လားရှိုးမြို့မှ မူဆယ်မြို့ဘက်သို့ ယုံလင်မောင်းနှင်လာသော SHN-38 5Q-xxxx BYD-F3 အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၀ (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၉၀) ဖမ်းဆီးရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (ရဲပြန်ကြား)

# ရေကြီးရေလျှံသဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်စေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ယခုရက်ပိုင်းအတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း နိုင်ငံတစ်ဝန်းနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

**စိုးရိမ်ရေမှတ်ကျော်လွန်နိုင်**

နှစ်စဉ်မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ ဘီးလင်းမြစ်၊ တနင်္သာရီမြစ်၊ သောင်ရင်းမြစ်၊ ဝေနမြစ်၊ တိုးမြစ်တို့တွင် စိုးရိမ်ရေမှတ်ကို ကျော်လွန်လေ့ရှိသည်။ ထို့ကြောင့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရေးကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ အထူးသဖြင့် မိုးတွင်းကာလတွင် ဧရာဝတီမြစ်ဘေးတစ်လျှောက်ရှိဒေသများ၌ ရေကြီးရေလျှံမှုများ ဖြစ်တတ်သည်။ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ကောက်ပဲသီးနှံစိုက်ခင်းများရေနစ်မြုပ်ခြင်း၊ လူနှင့် အိမ်မွေးတိရစ္ဆာန်များ သေကျေထိခိုက်ဒဏ်ရာရရှိခြင်းတို့အပြင် ဝမ်းပျက်ဝမ်းလျှောခြင်းများ ကြုံတွေ့ခံစားရနိုင်သည်။

**မိုးရွာသွန်းမှုများပြား**

မြန်မာနိုင်ငံတွင် ယခုနှစ်မိုးရာသီကာလ ဇွန်လနှင့် ဇူလိုင်လတို့တွင် ယခင်နှစ်များထက်ပိုမို၍ နိုင်ငံတစ်ဝန်းလုံး၌ မိုးရွာသွန်းမှုများပြားလျက်ရှိသည်။ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယခုရက်ပိုင်း၌ ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနေပြီး အချို့ဒေသများတွင် ရွာသွန်းမြဲထက်ပိုမိုကာ မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးတွင် မိုးရွာသွန်းမှုအားကောင်းနေမည်ဆိုလျှင် တောင်ကျချောင်းရေများကျဆင်းပြီး မြစ်ကြီး၊ မြစ်ငယ်၊ ချောင်းငယ်များ၌ ရေပြည့်ရေလျှံရေစီးသန်ကာ မြစ်ချောင်းများနှင့်နီးသည့်မြို့ရွာများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်သည်။ ထိုသို့မြစ်ရေတက်လာမည်ဆိုလျှင် အနိမ့်ပိုင်းနေရာများ၌ ရေလွှမ်းမိုးခြင်း၊ မြစ်ကမ်းပါးနေရာတချို့၌ ကမ်းပြိုခြင်း၊ လျှပ်စစ်စီးတိုင်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လမ်းများ၊ တံတားများပြိုကျပျက်စီးခြင်း၊ တောင်စောင်းကမ်းပါးများပြိုကျခြင်း၊ မြေကျခြင်း၊ လူနေအိမ်များပျက်စီးခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

**ကြိုတင်ပြင်ဆင်သင့်**

အမှန်တော့ နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးအဆက်မပြတ်မိုးရွာသွန်းတတ်သည်။ မိုးသက်လေပြင်းများ ကျရောက်တတ်သည်။ မြေနိမ့်ပိုင်းရှိ အချို့သော ကျေးရွာများသည် ရေကြီးရေလျှံမှုဒဏ်ခံစားရလေ့ရှိသည်။ ထို့ပြင် မိုးကြီးပြီးသည့်အချိန်တွင် တောင်ပြိုမှုများ၊ ကားလမ်း၊ ရထားလမ်းပိတ်မှုများ၊ ဆည်တမံကျိုးပေါက်မှုများလည်းဖြစ်တတ်သည်။ အချို့သောဒေသများသည် ဆည်တမံကျိုးပေါက်မှုကြောင့် ရေအောက်သို့ရောက်သွားတတ်သည်။ ထိုအချိန်မျိုးတွင် အိမ်မွေးတိရစ္ဆာန်များအပါအဝင် ပြည်သူများ အသက်ဆုံးရှုံးရလေ့ရှိသည်။ ထို့ကြောင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များအနေဖြင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျကြိုတင်ပြင်ဆင်ထားသင့်ပေသည်။

ပြည်သူများအနေဖြင့်လည်း မိမိတို့နေအိမ်များကို သဘာဝဘေးအန္တရာယ် ကြိုကြံ့ခံနိုင်စွမ်း ရှိ မရှိ



စစ်ဆေးခြင်း၊ ရေကြီးရေလျှံမှုအခြေအနေကို စောင့်ကြည့်ခြင်း၊ စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် အရေးပေါ်အသုံးအဆောင်များ စုဆောင်းထားခြင်း၊ အရေးကြီးစာရွက်စာတမ်းများကို လုံခြုံအောင်သိမ်းဆည်းထားခြင်း၊ မိုးလေဝသအခြေအနေ သတင်းထုတ်ပြန်မှုများကို စောင့်ကြည့်နားထောင်ခြင်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဖုန်းနံပါတ်နှင့် လိပ်စာများမှတ်သားထားခြင်း စသည့်ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားသင့်သည်။ ထို့ပြင် ရေဘေးသင့်ပြည်သူများသည် တာဝန်ရှိသူများက စီစဉ်ပေးထားသော ရေဘေးခိုလှုံရေးစခန်းများတွင် ပြောင်းရွှေ့နေထိုင်ခြင်းနှင့် မိသားစုများကွဲသွားလျှင် သက်ဆိုင်ရာသို့ အချိန်မီသတင်းပို့ခြင်းတို့ကိုလည်း လုပ်ဆောင်သွားရန် လိုအပ်သည်။

**ရေဘေးအန္တရာယ်**

ဆိုရလျှင် နှစ်စဉ်မိုးရာသီတွင် ပြည်သူများကြုံတွေ့ရသည့်ဒုက္ခသည် ရေဘေးအန္တရာယ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်က ရေဘေးသိပ်မကြုံခဲ့ရပေ။ ကြုံတွေ့ရသည့်တိုင်အောင် အချိန်မီကယ်တင်ပြောင်းရွှေ့နေရာချထားပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးနိုင်ခဲ့သည်။ သို့သော် သစ်တောများပြုန်းတီးခြင်း၊ ရေဝေရေလဲဒေသများပျက်စီးခြင်းနှင့် မြစ်ချောင်းများတိမ်ကောခြင်းတို့ကြောင့် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းမှစတင်ကာ မိုးရာသီတွင်အချို့သောဒေသများသည်ရေအောက်သို့ရောက်သွားလေ့ရှိသည်။ ယခုနှစ်မိုးရာသီတွင်လည်း ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သည့်အလားအလာ ရှိနေသည်။ ထို့ကြောင့် နှစ်စဉ်ရေဘေးကြုံတွေ့ဖူးသည့် ဒေသများအနေဖြင့် ရေဘေးကာကွယ်ရေးအစီအမံများ ကြိုတင်လုပ်ဆောင်ထားသင့်သည်။

**လမ်းပန်းဆက်သွယ်ရေးခက်ခဲ**

မိုးသည်းထန်စွာရွာပြီဆိုလျှင် ရာသီမရွေးသွားလာနိုင်သည့်လမ်းများသည်ပင်လျှင် သွားလာ၍မရနိုင်တော့သည့်အနေအထားသို့ ရောက်သွားတတ်သည်။ အထူးသဖြင့် လမ်းပေါ်တွင် ရေကျော်နေခြင်း၊ သဲချောင်းများရှိ တံတားများပေါ်သို့ ရေကျော်ခြင်း၊ တောင်ပေါ်လမ်းများတွင် မြေပြိုခြင်း၊ လမ်းများ မြေကျွံခြင်း စသည့်ပျက်စီးယိုယွင်းမှုများကြောင့် တစ်နေရာမှတစ်နေရာသို့ ကူးလူးသွားလာရန် အခက်အခဲများဖြစ်ပေါ်လေ့ရှိသည်။ ထိုအချိန်မျိုးတွင် ကုန်စည်စီးဆင်းမှု နှေးကွေးသွားလေ့ရှိသည်။ ထိုသို့သောအခြေအနေမျိုးတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများ၊ အလှူရှင်များ ပြည်သူများနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများစွာလိုအပ်သည်။

**အထူးဂရုစိုက်သင့်**

ထို့ပြင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်လာပြီဆိုလျှင် ရေဘေးသင့်ပြည်သူများအနေဖြင့် ရေမြုပ်နေသောအိမ်များတွင် စင်ထိုး၍ မနေသင့်ချေ။ ထိုသို့နေထိုင်မည်ဆိုလျှင် ညဘက်တွင် မြွေဆိုးအန္တရာယ်ကြောက်ရသည်။ ထို့ပြင် နေ့စဉ်စားဝတ်နေရေးအတွက်လည်း အဆင်ပြေမည်မဟုတ်ပေ။ အထူးသဖြင့် ရေနစ်မြုပ်နေသောဒေသများတွင် အိမ်သာစနစ်မရှိတော့ချေ။ ထို့ကြောင့် မသန့်ရှင်းသောရေများကိုသောက်သုံးလျှင် နောက်ဆက်တွဲဝမ်းရောဂါနှင့်အရေပြားရောဂါများဖြစ်ပွားနိုင်သည်။ ထို့ပြင်ရေမြုပ်နေသောနေရာသည် လျှပ်စစ်အန္တရာယ်ကိုလည်း စိုးရိမ်ရပေသည်။ ထို့ကြောင့် ရေဘေးသင့်ပြည်သူများသည် ရေဘေးရှောင်စခန်းများသို့ သွားရောက်ခိုလှုံသင့်သည်။ ထိုနေရာများတွင် စားသောက်နေထိုင်ရေးနှင့် ကျန်းမာရေးအတွက် စိတ်ချရပေသည်။

**ပျက်စီးဆုံးရှုံးမှုဖြစ်ပွား**

မိုးရာသီတွင် ရေလွှမ်းမိုးသဖြင့် လမ်း၊ တံတားများပျက်စီးခြင်း၊ နေအိမ်များပျက်စီးခြင်း၊ စာသင်ကျောင်းနှင့် ဆေးရုံများရေနစ်မြုပ်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များသေကျေပျက်စီးခြင်း၊ အထူးသဖြင့် ကျေးလက်ဒေသများတွင် စိုက်ပျိုးထားသော စပါးခင်းများအပါအဝင် ကောက်ပဲသီးနှံစိုက်ခင်းများ ရေနစ်မြုပ်ပျက်စီးသွားလေ့ရှိသည်။ ရေလုပ်သားများအနေဖြင့်လည်း ငါးဖမ်းလေ့များ၊ ပိုက်ကွန်များဆုံးရှုံးရလေ့ရှိသည်။ ရေကြီးခြင်းဖြစ်လျှင် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကြီးမားလှပေသည်။ ရေကြီးရေလျှံ၍ စိုက်ခင်းများပျက်စီးတတ်သဖြင့် ရေကျသွားချိန်တွင် တောင်သူများကို မျိုးစေ့နှင့်ပျိုးပင်ပေါက်များ ပံ့ပိုးခြင်းအပါအဝင် စိုက်ပျိုးစရိတ်များထုတ်ပေးသင့်ပေသည်။ အလားတူ ရေလုပ်သားများကိုလည်း လှေနှင့်ပိုက်ကွန်များအပါအဝင် လုပ်ငန်းအထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးသွားသင့်ပေသည်။ သို့မှသာလျှင် ပြည်သူများ စားဝတ်နေရေးအတွက် အခက်အခဲမရှိ ပြန်လည်ရပ်တည်နိုင်မည်ဖြစ်သည်။

**ရေကြီးရေလျှံသဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်စေလို**

ဆိုရလျှင် မျက်မှောက်ကမ္ဘာကြီးတွင် ဂေဟစနစ်ယိုယွင်းပျက်စီးလာမှုကြောင့် သဘာဝဘေးအန္တရာယ်များ ခပ်စိပ်စိပ်ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့အစည်းများသည် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတကာတွင်လည်း ထိုသို့ဘေးအန္တရာယ်ဖြစ်ပေါ်လျှင် တပ်မတော်သားများသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လေ့ရှိသည်။

ထို့ကြောင့် မည်သူမျှတားဆီး၍မရသော ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်ကို ယခင်ဖြစ်ပွားခဲ့သည့် အတွေ့အကြုံများကို သင်ခန်းစာယူပြီး ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဒဏ်တိုက်လျော့ကျင့်ခြင်း၊ ဖြစ်ပွားချိန်တွင် အရေးပေါ်ကူညီကယ်ဆယ်ရေးနှင့် တုံ့ပြန်မှုဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်လုပ်ငန်းစဉ်များနှင့်အညီ လျှင်မြန်စွာဆောင်ရွက်သွားရန် လိုအပ်သည်။

ထို့ပြင် မျက်မှောက်ကာလတွင် အစွန်းရောက်ရာသီဥတုကြောင့် ကမ္ဘာ့နိုင်ငံအားလုံးသည် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို နှစ်စဉ် ကြုံတွေ့နေကြရသည်။ ထို့ကြောင့် ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် မဟာဗျူဟာတစ်ရပ် ချမှတ်ထားသင့်ပေသည်။ သဘာဝဘေးအန္တရာယ်များကျရောက်ပါက ရှာဖွေရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် အရေးပေါ်စီမံချက်များ ရေးဆွဲထားရန် လိုအပ်သည်။ ထို့ကြောင့် အရေးပေါ်စီမံချက်တွင် ပါဝင်သည့် ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် လျော့နည်းသက်သာစေခြင်းလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားသင့်ပေသည်။

ဆိုရလျှင် မြန်မာနိုင်ငံတွင် နှစ်စဉ် မိုးရာသီရောက်လျှင် ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ခံစားရလျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ ပြည်သူများသည် မိုးတွင်းကာလတွင် ရေဘေးအန္တရာယ်ကို ခါးစည်းခံကြရလေ့ရှိသည်။ အမှန်တော့သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်တည်းဖြင့် စွမ်းဆောင်နိုင်စွမ်းမရှိသဖြင့် ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။ စင်စစ်အားဖြင့် တိုင်းပြည်အတွင်း မည်သည့်ဘေးအန္တရာယ် ကျရောက်လာသည်ဖြစ်စေ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ တက်ညီလက်ညီ ကြိုတင်ပြင်ဆင်ထားမှုဖြင့်သာ ကျော်ဖြတ်သွားမည်ဆိုလျှင် ဇောက်မချအောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူအားလုံးအနေဖြင့် ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်သတိပြုကာကွယ်ကျော်လွှားသွားနိုင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။

ဝတ္ထုတိုကဏ္ဍ

# သူ့ဘက်ကိုယ့်ဘက်မျှတတတ်ပါစေ

ယွန်းနှင်းဆီခိုင်



(၁)

"ညည်းတို့သမီး ညည်းတို့ခေါ်ချင်သပဆို ပြန်ခေါ်ပေါ့။ ငါက ငါးနှစ်သမီးကတည်းက ခေါ်ထားပေးတာ။ ညည်းယောကျ်ားလဲ ညည်းကို ကြည်ဖြူအောင်လို့ ခေါ်ထားတာ။ မိသက်ကို လက်တိုလက်တောင်းခိုင်းချင်လို့ ခေါ်ထားတာလဲ မဟုတ်ဘူး။ ငါလဲ ငွေသား မျိုးထွေးသိတတ်လို့ ပေးတာလေးနဲ့ စားနေရတာ။ လှလှသိန်းနဲ့ ခင်သိန်းတို့ကလဲ ထောက်ကြလို့သာ"

ဒေါ်ကြည်သိန်း စိတ်တိုတိုနှင့် သမီးဖြစ်သူ မြမြသိန်းကို တဖျစ်တောက်တောက်ပြောလိုက်မိသည်။ မြမြသိန်း၏သမီးကြီးဖြစ်သူ မိသက်ကတော့ မျက်နှာမကောင်းစွာ အနားမှာထိုင်နေသည်။ မိသက်ကို ပြီးခဲ့သည့်သုံးနှစ်ခန့်ထိ ရွာကျောင်းတွင် ဒေါ်ကြည်သိန်းထားပေးထားသည်။ ကိုဗစ်ကာလနောက်ပိုင်း ကျောင်းဆက်မတက်ဖြစ်သည့်အတွက် သုံးတန်းအောင်နှင့် ပညာရေးရပ်နားခဲ့ရသည်။ လူကသာ အသက် ၁၂ နှစ်ဆိုသော်လည်း မိသက်တစ်ယောက် ယခုနှစ်ပိုင်းတွင် အတော်လေးထွားလာသည်။ ရန်ကုန်က သားငယ်မျိုးထွေးက သည်တစ်ခါကျောင်းဖွင့်ချိန်တွင် သူ့တူမမိသက်ကို ကျောင်းပြန်ထားပေးပါဟု မနေ့က ဖုန်းပြောထားသေးသည်။

သို့သော် ဟိုဘက်ရွာတွင်နေသော မိသက်အမေ မြမြသိန်းတစ်ယောက် ကိုယ်ဝန်ရင့်လာသည့်အတွက် သမီးဖြစ်သူမိသက်ကို သူတို့အိမ်တွင် ပြန်ခေါ်ထားလိုကြောင်း လာပြောနေခြင်းဖြစ်သည်။

"အမေသိတဲ့အတိုင်း ကိုသိန်းဇော်က သူ့အလုပ်နဲ့သူ အားကိုမအားဘူး။ သူ့အဒေါ်တွေက သူရင်းငှားသဘောမျိုးနဲ့ ကိုသိန်းဇော်ကို ခိုင်းတာမဟုတ်ဘူး အမေရဲ့။ ဝိုင်းလုပ်ဝိုင်းစားနဲ့ သူတို့တူကို ပေးသင့်တာထက်ပိုပေးထားတာ။ လယ်ဆင်းချိန်လဲ ကိုသိန်းဇော်၊ အင်းအလုပ်လဲကိုသိန်းဇော် လူယုံလိုထားပြီး ပေးကမ်းပံ့ပိုးနေတာမို့ သမီးတို့လဲ အခုဆိုအဆင်ပြေနေပြီ။ အရင်တုန်းက သမီးတို့မပြည့်စုံသေးလို့ အမေ့ကိုမပံ့ပိုးနိုင်ခဲ့တာ ဝန်ခံပါတယ်။ အခု သမီးတို့လဲ အဆင်ပြေစပြုလာပြီမို့ မိသက်ကို တစ်လှည့်ပြန်ကြည့်ပေးချင်တာကြောင့်လဲပါ ပါတယ်။ ခိုင်းချင်လို့သက်သက်ကြောင့် မိသက်ကို လာခေါ်တာမဟုတ်ပါဘူး။ အရင်ကိုယ်ဝန်တွေတုန်းက ဘာမှမဖြစ်ပေမဲ့ ဒီကိုယ်ဝန်ကျတော့ လူကသိပ်နေမကောင်းဘူး ချူချာတယ်။ မိသက်ကို အဖော်အဖြစ်လဲ ခေါ်ချင်တာပါ အမေရယ်"

မြမြသိန်းကအကြောင်းပြချက်တွေကို သူ့ဘာသာသူ ပြောပြနေသည်။ ဒေါ်ကြည်သိန်းကတော့ မိသက်ကို ပြန်မထည့်လိုသည်မှာအမှန်ပင်။ သမက်ဖြစ်သူ သိန်းဇော်က သောက်တတ်စားတတ်သူ မဟုတ်သော်လည်း မြမြသိန်းကဲ့သို့ ကလေးတစ်ယောက် အမေတစ်ခုလပ်နဲ့ လာကြိုက်ပြီး ယူကြမည်ဆိုတော့ မိသက်ကို စောင့်ရှောက်ရမည်ကို ငြိုငြင်ခဲ့သလို အိမ်ထောင်ဦးမှာ လင်မယားနှစ်ယောက်တည်း ရှန်းကန်ချင်သည်ဟု ပြောခဲ့ခြင်းကြောင့်ဖြစ်သည်။

သိန်းဇော်တွင် မိဘများမရှိတော့သော်လည်း အဒေါ်ဖြစ်သူက သူတို့ရွာတွင် လယ်ပိုင်ချောင်းပိုင်ဖြစ်သည့်အပြင် အင်းများလည်း လေလံအောင်ထားသူဖြစ်သည်။ သိန်းဇော်အိမ်ထောင်ပြုခဲ့လျှင် ခြံဝိုင်းတစ်ခုနှင့် အသင့်အတင့်အိမ်ကလေးပါထည့်ပေးမည်ဆိုလာခြင်းကြောင့် ဒေါ်ကြည်သိန်းလည်း မြေးဖြစ်သူ မိသက်ကို တာဝန်ယူပြီးခေါ်ထားခဲ့ရသည်။ မြမြသိန်းတို့လင်မယားအိမ်ထောင်ဦးမှာ စီးပွားရှာနိုင်ပါစေဆိုပြီး တာဝန်တစ်ခုပေါ့အောင် ဒေါ်ကြည်သိန်းက မိသက်ကို တာဝန်ယူလိုက်သည့် သဘောဖြစ်သည်။ သိန်းဇော်နှင့် သားတစ်ယောက်၊ သမီးတစ်ယောက် ရခဲ့သည်။ ယခုကိုယ်ဝန်ကတော့ တတိယမြောက်ကိုယ်ဝန်ဖြစ်သည်။ မြမြသိန်းကလည်း ယောကျ်ားမျက်နှာကိုသာကြည့်သည့် မိန်းမ။ မိခင်ဖြစ်သူအိမ်ကို ပို့ထားရသည့် သမီးကို ချစ်ရကောင်းမှန်းမသိ။ ပံ့ပိုးပေးရကောင်းမှန်းလည်း မသိခဲ့သူဖြစ်သည်။ တစ်ခါတလေ ဒေါ်ကြည်သိန်းက စကားနာထိုးလျှင် မိသက်အဖေ သူ့ပထမအိမ်ထောင်ကို စိတ်နာသလိုလိုစကားများသာ ပြောလာတတ်သည်။

"သမီး မိသက်ကို ပစ်ထားတာမဟုတ်ပါဘူးအမေရယ်။ မှန်တာပြောရရင် အရင်နှစ်တွေက အပိုအလျှံမရှိဘူး။အခုတော့အဒေါ်တို့ကလယ်လဲပေးလုပ်တယ်။ အင်းအလုပ်လဲ အချိုးကျခွဲပေးတယ်။ အဲဒါကြောင့် အဆင်ပြေလို့ အမေ့ကိုလဲ သီတင်းကျွတ်က အရင်နှစ်တွေကန်တော့သလို မုန့်ကလေးနဲ့မဟုတ်ဘဲ ပိုက်ဆံကန်တော့တာပေါ့"

ဟုတ်တော့လည်းဟုတ်သည်။ သီတင်းကျွတ်ရက်က ငွေသားတစ်သိန်းနှင့် လာကန်တော့၍ အံ့ဩဘနန်းဖြစ်ခဲ့ရသေးသည်။ သို့သော် မိသက်ကိုတော့ လက်ရှိ လင်စုံမယားဖက် မွေးထားသည့်ကလေးများလောက် နေရာမပေး၍သာ စိတ်ကခံစားမိနေသည်။ ထို့ကြောင့်လည်း ဒေါ်ကြည်သိန်းနှင့် သားငယ်မျိုးထွေးတို့က မိသက်ကို အသနားပိုခဲ့ကြခြင်းဖြစ်သည်။ ယခုတော့ ခိုင်း၍ရသည့်အရွယ်ရောက်လာသည်နှင့် မိသက်ကိုပြန်ခေါ်ချင်နေသည်ဟု ထင်နေမိသည်။ ဒေါ်ကြည်သိန်းတို့က အဘွားသာတော်စပ်ပြီး သူကမိခင်ဆိုတော့ ပြန်ထည့်ပေးရမည်သာဖြစ်သည်။ သို့သော် ဒေါ်ကြည်သိန်း စိတ်မချနိုင်ပေ။

"အမေက ဘာကိုစိတ်မချနေတာလဲ"

မေးလာခဲ့လျှင် အဖြေရခက်ပြန်သည်။ ပထွေးနှင့် အတူတူထားရန် စိတ်မချဖြစ်နေသည့် မိမိ၏စိတ်ကို မည်ကဲ့သို့ ပြေလျော့စေရမည်နည်း။

"ပြန်ခေါ်ထားမယ်ဆိုတာက ခိုင်းဖို့သက်သက်မဟုတ်ပါဘူး အမေရယ်။ ကျောင်းဖွင့်ချိန်ရောက်ရင် ကျောင်းပြန်ထားပေးမှာပါ။ ကျောင်းတွေလဲ နောက်ကျနေပြီ မဟုတ်လား"

နောက်ဆုံးတော့ ရန်ကုန်က သားဖြစ်သူကိုလည်း အကျိုးအကြောင်း လှမ်းပြောပြရသည်။ သားဖြစ်သူက ပြန်ထည့်ပေးလိုက်ပါအမေဆိုတော့ ဒေါ်ကြည်သိန်းလည်း မထည့်ချင်ဘဲ ထည့်ပေးလိုက်ရတော့သည်။ ရွှင်ရွှင်ပျပျမဟုတ်ဘဲ အမေဖြစ်သူနှင့် ပြန်လိုက်သွားရသည့် မြေးမကလေးကိုကြည့်ကာ ရင်ထဲမကောင်းဖြစ်မိသည်။ ဘယ်တတ်နိုင်ပါ့မလဲ အစစအရာရာ အဆင်ပြေပါစေမိသက်ရေဟုသာ ဆုတောင်းရင်း ကျန်နေရစ်ခဲ့ ရတော့သည်။

(၂)

မြမြသိန်း မီးဖွားပြီဖြစ်ကြောင်း သမက်ဖြစ်သူက ဖုန်းဆက်ပြောထားသည်မှာ သုံးရက်ခန့်ပင်ရှိနေပြီ။ ထို့ကြောင့် သည်ဘက်ရွာကို မနက်ကရောက်လာခဲ့သည်။ ဟိုဘက်ရွာ သည်ဘက်ရွာဆိုသော်လည်း မြမြသိန်းတို့အိမ်ကို မရောက်ဖြစ်သည်မှာ တစ်နှစ်ပင်ကျော်ခဲ့ပြီဖြစ်သည်။ မြမြသိန်းတို့အိမ်တွင် မည်သည့်အခါမျှ ညဥ့်အိပ်ညဥ့်နေ မနေခဲ့ပေ။ ယခုတစ်ခါတော့ သုံးရက်ခန့် နေပေးမည်ဟု တွေးပြီးလာခဲ့သည်။ အိမ်ကလေးက ပြန်ပြုပြင်ထားပုံရပြီး သပ်သပ်ရပ်ရပ်ရှိနေသည်မို့ စိတ်ချမ်းသာမိသည်။

"အမေ နေ့လယ်စာ စားတော့မလား။ မိသက် အဘွားကို ထမင်းခူးကျွေးလိုက်အုံး"

"အိုအေ ညည်းဘာသာညည်း နေသာသလို နေစမ်းပါ။ ငါကဧည့်သည်မဟုတ်ဘူး။ ဆာရင် စားမှာပေါ့။ ငါ့အတွက် တကူးတကတွေ ဘာမှ ပူပန်မနေနဲ့"

မြမြသိန်းက ဒေါ်ကြည်သိန်းကို လစ်ဟင်းမှုရှိမှာစိုးနေပုံရပြီး အားနာနေသည်။ သမက်ဖြစ်သူသိန်းဇော်လည်း ရောက်ကတည်းက ခဏပဲမြင်လိုက်ရသည်။ သူ့အဒေါ်ကွမ်းခြံ၊ ကွမ်းခူးသည့်ရက်မို့ အလုပ်ရှုပ်နေသည်။ ကွမ်းဝယ်လက်များက ရွာထဲထိကားများနှင့် လာဝယ်သည်မို့ သိန်းဇော်က ဦးစီးပြီးလုပ်ပေးနေရသည်။

"အမေ့သမက်က အမေစားချင်တာ ချက်ကျွေးပါတဲ့။ ကြက်သားဟင်းစားမလား၊ဘဲသားဟင်းစားမလား မေးပြီး ချက်ကျွေးလိုက်ပါတဲ့"

"မစားပါဘူးအေ။ ညည်းတို့က ဝယ်ကျွေးမှာမဟုတ်ဘူး။ မွေးထားတာလေးတွေ ကိစ္စတုံးပြီး ချက်ကျွေးမှာ မစားဘူး မစားဘူး။ အသည်လာလို့ ဝယ်ကျွေးမှ ကျုပ်စားပါရစေ။ တကူးတကတွေ ဘာမှ မလုပ်ပါနဲ့"

ဒေါ်ကြည်သိန်းစကားကြောင့် မြေးများက ရယ်ကြသည်။

"အဘွားကလဲ အဘွားကိုအကြောင်းပြုပြီး ဟင်းစားလေးစားရမလားအောက်မေ့တယ်။ အဘွားလုပ်ပုံနဲ့ မိသက်တို့တော့ငတ်ပါပြီ"

မိသက်က ဝင်ပြီးပြောနေပြန်သည်။ ဒေါ်ကြည်သိန်းကတော့ မိသက် အရွယ်နှင့်မလိုက်အောင်ထွားလာသည်ကိုရော ရုပ်ရည်လေးသန့်ပြီး ချောလာသည်ကိုပါသတိပြုမိသည်။ သမက်ဖြစ်သူ မရှိတုန်းမြမြသိန်းကို ပြောခဲ့ရပေတော့မည်။

(၃)

"အမေရယ် အဲဒါတွေကို တအားစိတ်မပူပါနဲ့။ သမီးကလေ မိသက်တို့အဖေနဲ့ လင်မယားကွဲပြီးကတည်းက နောက်အိမ်ထောင်ကို အလျင်စလိုပြုဖို့ ရည်ရွယ်ချက်မရှိပါဘူး။ ကိုသိန်းဇော်ဆိုတာက သမီးတို့ ရွာသားနီးပါးလောက်ထိ ရွာမှာနေဖူးတဲ့သူ၊ တစ်ယောက်အကြောင်း တစ်ယောက်သိနေတဲ့သူမို့ ရွေးသင့်တယ်ထင်လို့ အိမ်ထောင်ဖက်အဖြစ်ရွေးလိုက်တာပါ။ အမေထင်သလို သမီးက ယောကျ်ားမျက်နှာပဲကြည့်ပြီး ဒီယောကျ်ားငြိုငြင်မှာစိုးလို့ မိသက်ကို အမေတို့ဆီ ပို့ထားခဲ့တာမဟုတ်ပါဘူး။ သမီးကိုယ်တိုင်က သမီးမိန်းကလေးမွေးထားတော့ နောက်အိမ်ထောင်ပြုတဲ့အခါကျတော့ သမီးဆီမှာနေတာထက် အမေတို့ဆီမှာနေတာက ပိုအဆင်ပြေမယ်ထင်ပြီးထားခဲ့တာပါ"

"ဟင် ဒါဆို အခုကျတော့ ဘာလို့ပြန်ခေါ်တာလဲ။ မိသက်ကအရွယ်ရောက်တော့မယ်။ ပြီးတော့ ညည်းကိုယ်တိုင်က ငါ့သမီးရယ်ဆိုပြီး အလိုက်တသိနဲ့ ပံ့ပိုးပေးခဲ့တာရှိလို့လား"

"ဩော်... အမေရယ် အဲဒါက မောင်လေးမျိုးထွေးက အလုပ်ကောင်းတော့ သူ့အားကိုးနဲ့ပေါ့။ သမီးတို့လဲ အခုဒီနှစ်ပိုင်းတွေမှ နည်းနည်းအဆင်ပြေလာတာပါ။ မိသက် ကျောင်းနားထားရတော့ ဒီတစ်နှစ် အမေတို့ ထားပေးမယ်မှန်းမသိဘူးလေ။ အဲဒါ ကိုသိန်းဇော်က စိတ်မကောင်းလို့ သမီးမီးဖွားတာကို အကြောင်းပြုပြီး ပြန်ခေါ်လိုက်တာပါ။ ကိုသိန်းဇော်က အမေထင်သလို ကြံမဲ့ပထွေးမျိုးမဟုတ်ပါဘူး။ အခုတောင် အမေက မိသက်ကို ဒီမှာမထားချင်ဘူးနဲ့တူတယ်တဲ့။ တစ်ခုခုကို စိုးရိမ်နေပုံရတယ်တဲ့။ တကယ်လို့ အမေဆန္ဒရှိရင် မိသက်ကိုပြန်ထည့်ချင်ထည့်ပေးလိုက်ပါတဲ့။ ပြီးတော့လေ မိသက်ကိုပြန်ခေါ်လာတဲ့အတောအတွင်း မျက်စိအောက်မှာထားတာပါ။ အမေစိတ်ရှင်းအောင် သမီးကပြောပြတာပါ"

မြမြသိန်းပြောပြသည့်စကားများကြောင့် သမက်ဖြစ်သူကို အားနာမိသွားသည်။ သိန်းဇော်က သောက်တတ်စားတတ်သူလည်းမဟုတ်သည့်အပြင် အလုပ်လည်း မပျင်းရိသူဖြစ်ပြီး သူ့အဒေါ်မိသားစု၏ စီးပွားရေးတွင် လှည့်ကြည့်စရာမလိုအောင် မျက်နှာလွှဲခံထားရသူဖြစ်သည်။ ယခုနှစ်များတွင် အဒေါ်ဖြစ်သူက ကိုယ်ပိုင်လုပ်နိုင်အောင် လယ်တချို့လည်း ပေး၍ လုပ်ကိုင်စေခဲ့သည်။

စာမျက်နှာ ၂၅ သို့ ➤

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၅၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပုသိမ် ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၅၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး လျာထား ၂၀၄၁၂ ဧကကို ယခုနှစ်မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၃၅၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ စသည့်ဌာနအဖွဲ့အစည်းများက ဒေသခံများနှင့်ပူးပေါင်းဆောင်ရွက် စိုက်ပျိုးနေကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ စပါး ၂၀၄၁၂ ဧကထိ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လက်ရှိ စပါး ၁၃၅၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးကို အခက်အခဲမရှိ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို နည်းပညာနဲ့ အခြားပံ့ပိုးပေးစရာတွေကို ကြိုတင်စီမံဆောင်ရွက်နေပါတယ်။ စပါးမျိုးစေ့တွေကို ချိတ်ဆက်ဝယ်ယူဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့ နည်းပညာနဲ့ စိုက်နည်းစနစ်တွေကိုလဲ စနစ်တကျ ပံ့ပိုးဆောင်ရွက်ပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

စပါးကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အုတ်ဖိုမြို့နယ် ရွာသစ်(ကုလားကိုင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

အုတ်ဖို ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်(ကုလားကိုင်း) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက ရွာသစ်(ကုလားကိုင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၈ ဦးကို ငွေကျပ် ၃၉ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၅ ဒသမ ၁ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်သုည ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို ငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးထံမှ သိရသည်။

**အေးမြတ်**

➤ စာမျက်နှာ ၂၄ မှအဆက်

လုပ်ရသည့်လုပ်ငန်း၏ ငွေဝင်ငွေထွက်ပေါ်မူတည်၍ သိန်းဇော်တို့ကိုလည်းပေးသည်။ ထို့ကြောင့် မြမြသိန်းတွင်ပင် ရွှေနှင့်ငွေနှင့် ဖြစ်လာသည်။ မိသက်ကိုလည်း နားကပ်ကလေးဆင်ပေးထားသည်။ ကိုယ့်သမီး ကလေးတစ်ယောက်အမေတစ်ခုလပ်ကို သားမှတ်မှတ်မယားမှတ်မှတ် လုပ်ကိုင်ကျွေးနေသည်ကိုပင် ကျေးဇူးတင်ရပေမည်။ သို့သော် ခေတ်ကာလအရ မကြာခဏဆိုသလို မထိတ်သာမလန့်သာ အမှုအခင်းနှင့် အဖြစ်အပျက်များက နေ့တိုင်းလိုလိုကြားနေရသဖြင့် မြေးဖြစ်သူမိသက်အတွက် ကြံဖန်တွေးပူနေမိသည့် ဒေါ်ကြည်သိန်းမှာ ကိုယ့်ကိုယ်ကိုယ် လွန်သည်ဟု မမြင်မိပေ။ ဒေါ်ကြည်သိန်းတို့စကားကောင်းနေစဉ် သမက်ဖြစ်သူ ထမင်းစားပြန်လာသည်။

"အမေ ထမင်းစားပြီးပြီလား"

"စကားကောင်းနေလို့ မစားရသေးဘူး သိန်းဇော်ရေ"

"ဟာ အချိန်တွေ လွန်နေပြီလေ။ ကဲ ကဲ ထမင်းခူးကြဟေ့ အမြမင်းကကော စားပြီးပြီလား"

"စားပြီးပြီကိုသိန်းဇော် ကြက်သားမချက်ဖြစ်ဘူး။ အမေက မလုပ်နဲ့ ပြောနေလို့ ဘဲဥပဲချက်ပြီး မြင်းခွာရွက် ဟင်းခါးလေးကို မိသက်က ချက်ပေးထားတယ်။ အမြက အစောကြီးကတည်းက စားပြီးပါပြီ"

"အမေ မပြန်နဲ့အုံးနော် ညနေ ငါးဖော်မှာ။ အမေ့အတွက် ငါးဆားနယ်တွေ လုပ်ပေးလိုက်မယ်"

သမက်က ရွှန်းရွှန်းဝေပြီး ဝတ္တရားကျေပွန်နေတော့ ဒေါ်ကြည်သိန်းအဖို့ ကျေနပ်မိသည်မှာ အမှန်ပင်။

"အမေ မနက်ဖြန်မနက် ပြန်မယ် သိန်းဇော်"

"အဲဒါဆိုလဲ ညကျရင် ငါးဆားနယ်လုပ်ပေးလိုက်မယ် အမေ။ ပြီးတော့ မိသက်ကိုလဲ ပြန်ထည့်ပေးလိုက်ပါ့မယ်။ အစကတော့ မိသက်ကို ဒီမှာပဲထားပြီး ကျောင်းပြန်တက်ခိုင်းမလို့ပါ။ ခိုင်းလို့ရတဲ့အရွယ်ရောက်မှ ပြန်ခေါ်လိုက်တာမျိုးတော့မဟုတ်ပါဘူး။ ဒါပေမဲ့ ပြန်တွေးကြည့်လိုက်တော့ အိမ်မှာမိသက်ပြန်မလာခင်တုန်းကလဲ ဒီလိုပဲ အဆင်ပြေအောင်နေခဲ့ကြတာပဲ။ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်လို့မရဘူးလေ။ ဘာပဲဖြစ်ဖြစ် မိသက်ကို အမေ့ဆီမှာ ထားသင့်တယ်လို့ ကျွန်တော်ထင်တယ်။ အမေ့အတွက်လဲ လက်ကိုင်တုတ်ကလေးဖြစ်တာပေါ့။ အမေ့ဆီမှာ ဒီနှစ်ကျောင်းဖွင့်ချိန် ကျောင်းပြန်တက်ခိုင်းပြီး အမေတို့ကိုလဲ တတ်နိုင်သလောက် စရိတ်ထောက်ပံ့ပါ့မယ်"

သိန်းဇော်၏စကားကြောင့် ဒေါ်ကြည်သိန်းရော မိသက်ပါ အလွန်ပျော်သွားကြသည်။ မိသက်ကို မိမိမျက်စိအောက်တွင် စိတ်ချလက်ချထားချင်နေသော ဆန္ဒလေးပြည့်ရလေပြီ။ သမီးဖြစ်သူနှင့် စပြီးအကြောင်းပါကတည်းက စိတ်ထဲမတွေ့ခဲ့သည့် သမက်။ မိသက်ကိုပြန်ခေါ်လိုက်ဖို့ အတွေးဆိုးများထိတွေးပြီး စိတ်မချဖြစ်နေရသည့်အခြေအနေတွင် ယခုလို အစီအစဉ်ဆွဲပေးသည့် သမက်ကို ကျေးဇူးတင်မိသည်။ ဒေါ်ကြည်သိန်းတွေးနေမိသည်က လူ့သဘော၊ လူ့မနောကို အပေါ်ယံလောက်နှင့် ကြည့်၍မရပေ။ သမီးဖြစ်သူနှင့် အကြောင်းပါခဲ့သော်လည်း စိတ်ထဲသဘောမတွေ့ခဲ့သော သမက်ဖြစ်သူ၏စိတ်ထားကို ပထမဆုံး သဘောကျမိသွားသည်။ လိုလိုလားလား ခွင့်ပြုပြီဆိုတော့ မိသက်ကို ပြန်ခေါ်သွားရမည်။ ဒေါ်ကြည်သိန်းလည်း မနက်ဖြန် မပြန်သေးဖို့ဆုံးဖြတ်လိုက်သည်။ မြမြသိန်း မီးထွက်ပြီး သုံးရက်လောက်နေမှ အိမ်ပြန်တော့မည်။ အိမ်ပြန်သည့်အခါတွင် မြေးမကလေး မိသက်ကိုပါ ပြန်ခေါ်သွားပေမည်။

သမက်ဖြစ်သူ ကျန်းမာချမ်းသာပါစေ။ ယခုလိုပဲ သူ့ဘက်ကိုယ့်ဘက် မျှတစွာနှင့် သမီးဖြစ်သူ မြမြသိန်းအပေါ် ကြင်နာစွာပေါင်းသင်းနိုင်ပါစေဟု ဆုတောင်းလိုက်မိပါတော့သည်။

## မိုးပုလဲနှင့်အပြိုင်

- တို့ပြည်တို့ရွာ အေးချမ်းသာ
  သူငါရွှင်ပျ ပြုံးပန်းလှ
  လှတယ်လေ့ လှတယ်လေး။

- မိုးအမှုန်ရှင် ငြိုးမာန်ဆင်
  ရှစ်ခွင်ပတ်လုံး ဂျိမ့်ဂျိမ့်ချုန်း
  ချုန်းတယ်လေ့ ချုန်းတယ်လေး။

- မုတ်သုံမှန်မှန် သွန်းဖြိုးပြန်
  ချောင်းကန်မြစ်ကြီး ရေလျှံစီး
  စီးတယ်လေ့ စီးတယ်လေး။

- လုပ်သားလုလင် ထွန်တုံးပြင်
  ကိုင်းပင်မြက်ရှင်း လယ်ထဲဆင်း
  ဆင်းတယ်လေ့ ဆင်းတယ်လေး။

- ဝန်းကျင်ဝဲယာ ဟေမဝါ
  သေလာမြိုင်တန်း စိမ်းစိုလန်း
  လန်းတယ်လေ့ လန်းတယ်လေး။

- ကျေးငှက်ပေါင်းစုံ မြူးကခုန်
  ရဂုံတစ်ဝှမ်း တေးသံလွှမ်း
  လွှမ်းတယ်လေ့ လွှမ်းတယ်လေး။

- ဘော်ငွေရောင်ခြယ် ပန်းစံပယ်
  လေဝယ်ယိမ်းက ရှုတိုင်းလှ
  လှတယ်လေ့ လှတယ်လေး။

- ရင်နှစ်သည်းချာ အလိမ္မာ
  ပညာတတ်ရေး ကျောင်းအပ်ပေး
  ပေးတယ်လေ့ ပေးတယ်လေး။

- မိုးနှင့်အတူ အောင်လံထူ
  ပြည်သူစုပေါင်း ဉာဏ်သစ်လောင်း
  လောင်းတယ်လေ့ လောင်းတယ်လေး။

- တို့တိုင်းတို့ပြည် သာပါစေ
  တို့ဆွေပေါင်းစု ကောင်းရာပြု
  ပြုတယ်လေ့ ပြုတယ်လေး။

- မိုးထက်လွင့်ပျံ တို့အလံ
  အားမာန်ကြွားဝင့် ဂုဏ်ရောင်မြှင့်
  မြှင့်တယ်လေ့ မြှင့်တယ်လေး။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# တရားမမှုများ၌ ပစ္စည်းထိန်းခန့်ထားခြင်း

**စိန်လှိုင်ဖိုလ်**

အမွေခွဲဝေပေးစေလိုမှု တစ်မှုတွင်ဖြစ်သည်။ "အမွေပစ္စည်းများမှာ အခြားအမွေဆိုင် တစ်ဦး တစ်ယောက်သောသူထံတွင် ရောက်ရှိနေသည်။ အမွေခွဲဝေပေးစေလိုမှု စွဲဆိုသူမှာလည်း အမွေရထိုက်ကြောင်း အထောက်အထား အခိုင်အမာရှိသည်။ အမှုအတောအတွင်း အခြားတစ်ဦးလက်ဝယ်ရှိ ခွဲဝေရမည့်အမွေပုံပစ္စည်းများ လျော့နည်းပျက်စီးပျောက်ဆုံးသွားမည်ကို စိုးရိမ်သည်။ ထိုအခါတွင် အခြားသူထံတွင်ရှိသော အမွေပစ္စည်းများကို တရားရုံးသို့ ပစ္စည်းထိန်းခန့်ထားရန် လျှောက်ထားရသည်။ တရားမကျင့်ထုံးအမိန့်-၄၀၊ နည်းဥပဒေ-၁ အရဖြစ်သည်။ ပစ္စည်းထိန်းခန့်ထားခြင်းနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

ပြည်ခရိုင်တရားမရုံးတွင် မအေးကြည်က ဒေါ်ရီအပေါ် ကွယ်လွန်သူဦးဖိုးလှ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းအရပ်ရပ်ကို ရုံးတော်မှ စီမံအုပ်ချုပ်ကာ ၎င်း၏ဝေစုဖြစ်သည့် လေးပုံသုံးပုံကို ခွဲဝေပေးရန် တရားစွဲဆိုသည်။ ၎င်းသို့ တရားစွဲဆိုနေစဉ်အတွင်း မူလရုံးတရားလို မအေးကြည်က ဒေါ်ရီလက်ရှိဖြစ်သည့် အမွေပုံပစ္စည်းများကို ပစ္စည်းထိန်းခန့်ထားရန် လျှောက်ထားရာ ဒေါ်ရီကကန့်ကွက်သည်။ သို့ရာတွင် ခရိုင်တရားမတရားသူကြီးကလက်မခံဘဲ ရုံးတော်၏ ဘိလစ်ကို ပစ္စည်းထိန်းအဖြစ် ခန့်အပ်လိုက်သည်။ ဒေါ်ရီက ထိုအမိန့်ကို ပယ်ဖျက်ပေးရန် နိုင်ငံတော်တရားရုံးချုပ်သို့ တရားမအထွေထွေအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားမျှတမှုနှင့် အဆင်ပြေမှုရှိလျှင် ပစ္စည်းထိန်းခန့်ထားနိုင်သည်ဟု တရားမကျင့်ထုံးအမိန့် -၄၀၊ နည်းဥပဒေ-၁ က အတိအလင်း ပြဋ္ဌာန်းထားသည်။ တရားမျှတမှုနှင့် အဆင်ပြေမှု ရှိ၊ မရှိဆိုသော ပြဿနာမှာ အမှုကိုလိုက်၍ အမှုတွင်ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများအပေါ် မှီငြမ်း၍ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။ မည်သည့်အခါမျိုးတွင် ပစ္စည်းထိန်းခန့်ထားရမည်။ မည်သည့်အခါတွင် မခန့်ထားရဟု ပုံသေကားကျ သတ်မှတ်ထား၍ မရပေ။ တရားမျှတမှုနှင့် အဆင်ပြေမှု ရှိ၊ မရှိ ဆိုသောကိစ္စကို စဉ်းစားရာတွင်

(က) တရားလိုသည် ၎င်းစွဲဆိုသည့်အမှုကို အနိုင်ဒီကရီရရန်လမ်းရှိခြင်း၊

(ခ) အငြင်းပွားလျက်ရှိသော ပစ္စည်းများမှာ ပစ္စည်းထိန်းမခန့်အပ်ပါက ပျောက်ပျက်သွားရန် လုံလောက်သည့်အကြောင်းပေါ်ပေါက်နေခြင်း၊

(ဂ) တရားလိုသည် လျှောက်ထားသည့်ကိစ္စတွင် အပြစ်ကင်းစင်ခြင်း စသည့်အချက်ကြီးသုံးရပ်နှင့် ညီညွတ်ရန်လိုပေသည်။ ထိုသို့ညီညွတ်မှသာ ပစ္စည်းထိန်းခန့်ထားရန် လျှောက်ထားချက်ကို ခွင့်ပြုသင့်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

ယခုအမှုတွင် မအေးကြည်က ၎င်းသည် ကွယ်လွန်သူဦးဖိုးလှ၏ ကိတ္တိမသမီးဖြစ်သည်ဟု အဆိုပြုကာ စာရွက်စာတမ်းအထောက်အထားများကို တင်ပြထား၏။ မအေးကြည်၏ အဆိုပြုချက်မှာ ခိုင်လုံသော အဆိုပြုချက် ဟုတ်၊ မဟုတ်ဆိုသည့် ပြဿနာကို ကျွန်ုပ်အနေဖြင့် ယခုအချိန်တွင် အဆုံးအဖြတ်မပေးနိုင်သေးပေ။ သို့ရာတွင် မအေးကြည်က တင်ပြထားသည့် စာရွက်စာတမ်းများအရဆိုလျှင် ၎င်း၏အဆိုပြုချက်မှာ လုံးဝအခြေအမြစ်မရှိဟု မဆိုနိုင်၍ မအေးကြည်စွဲဆိုသောအမှုမှာ ဤအခြေအနေ၌ လုံးဝအနိုင်ဒီကရီရရှိရန် လမ်းမရှိဟု မယူဆနိုင်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ဦးဖိုးလှ သေဆုံးပြီးနောက် အမွေပုံပစ္စည်းများနှင့်ပတ်သက်၍ အငြင်းပွားကြပြီးနောက် ကျန်ရစ်ခဲ့သည့်ပစ္စည်းများ၏ စာရင်းကိုရေးမှတ်ခဲ့ကြသည်။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို လူကြီးများမှတစ်ဆင့် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီသို့ အပ်နှံခဲ့သော်လည်း နောက်တွင်ဒေါ်ရီ၏ လျှောက်ထားချက်အရ ၎င်းကိုပြန်ပေးခဲ့သည်။ ထိုကဲ့သို့ ပြန်ပေးလိုက်ပြီးနောက် ဒေါ်ရီ သည် ပစ္စည်းတချို့ကို ရောင်းချခဲ့သည်။



ဒေါ်ရီက ဦးဖိုးလှမသေဆုံးမီ ဆေးဝါးကုသရသည့် ကုန်ကျစရိတ်နှင့်ဦးဖိုးလှ၏အသုဘစရိတ်များအတွက် ကြွေးတင်နေ၍ ပစ္စည်းရောင်းချပြီး ကြွေးဆပ်ခဲ့ရသည်ဟုအဆိုရှိသည်။ တစ်ဖက်မှ ထိုအဆိုကို ငြင်းထားသည်။ မည်သို့ပင်ဖြစ်စေ၊ အငြင်းပွားနေသောပစ္စည်းတချို့တစ်ဝက်ကို ဒေါ်ရီသည် အငြင်းပွားနေသည့်ကြားမှ ထုတ်ရောင်းခဲ့သည် ဆိုသောအချက်မှာ ပေါ်လွင်ထင်ရှားနေသဖြင့် ပစ္စည်းထိန်းမခန့်အပ်ပါက အငြင်းပွားနေသော ပစ္စည်းများမှာ ပျောက်ပျက်သွားရန် လုံလောက်သည့် အကြောင်း ပေါ်ပေါက်နေသည်ဟု ဆိုရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

အောက်ရုံးအနေဖြင့် ကွယ်လွန်သူဦးဖိုးလှ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းများအနက် လက်ဝတ်လက်စားနှင့် အခြားအဖိုးတန်သည့် ပစ္စည်းကိုးခုကိုသာ ပစ္စည်းထိန်းခန့်ထားပြီး ကျန်(၁၄)မျိုးကိုမူ ဒေါ်ရီထံ၌ထားရန် အမိန့်ချထားသည်ကို ထောက်ရှုလျှင် ဆင်ခြင်တုံတရားလက်ကိုင်ထားကာ ချမှတ်ခဲ့သည့် အမိန့်တစ်ခုဖြစ်ကြောင်း ယုံမှားဖွယ်မရှိနိုင်ချေ။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်ပတ်သက်၍လည်း အမှုသည်များ လက်ရှိနေထိုင်သည့်အိမ်များကို ပစ္စည်းထိန်းခန့်ထားခြင်းမရှိဘဲ ငှားရမ်းထားသည့် အိမ်နှင့်မြေများကို ပစ္စည်းထိန်းခန့်ထားရာ ပစ္စည်းထိန်းသည် အိမ်လခနှင့် မြေလခများကို ကောက်ခံထားမည်ဖြစ်ရာ နောင်တစ်ချိန်တွင် ပိုင်ဆိုင်သူများ ထိုငွေများကို ရရှိကြမည်ဖြစ်သည်။ ပစ္စည်းထိန်းခန့်ထားရန် လျှောက်သည့်ကိစ္စနှင့် ပတ်သက်၍ မအေးကြည်အနေဖြင့် အပြစ်ကင်းစင်ခြင်းမရှိကြောင်း စွပ်စွဲချက်မရှိသည်ကို တရားရုံးချုပ်က ထောက်ရှုဝေဖန်စိစစ်သုံးသပ်ခဲ့ပါသည်။

တရားမကျင့်ထုံးအမိန့်-၄၀၊ နည်းဥပဒေ-၁ အရ ပစ္စည်းထိန်းခန့်ထားသည့်အမိန့်မှာ မူလတရားရုံးက ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ချမှတ်ရသည့် အမိန့်မျိုးဖြစ်သည်။ ထိုကဲ့သို့ အမိန့်မျိုးကို မူလရုံးအနေဖြင့် ထင်ရာစိုင်းသည့်သဘောဖြင့် မဟုတ်ဘဲ နှိုင်းနှိုင်းချိန်ချိန် အကျိုးသင့်အကြောင်းသင့် ဆုံးဖြတ်ကာ သတ်မှတ်ခဲ့လျှင် အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်ပေ။ ၎င်းသို့ချမှတ်ထားသော အမိန့်မှာ တရားရုံးများ လိုက်နာအပ်သည့် စည်းကမ်းနည်းလမ်းများနှင့် ညီညွတ်ခြင်းမရှိမှသာ သို့တည်းမဟုတ် ဆင်ခြင်တုံတရားလက်လွတ်ကာ ထင်ရာစိုင်းသည့်သဘော သက်ရောက်နေမှသာ အယူခံရုံးက ပယ်ဖျက်သင့်ပေသည်။ ထိုကိစ္စနှင့်ပတ်သက်၍ **ဖန်းဖါလက်ဒစ်နှင့် ရှန်တီဆာဂါး အေအိုင်အာရ် ၁၉၄၀ လာဟိုး ၃၂၅** အမှုကို တရားရုံးချုပ်က ရည်ညွှန်းကိုးကားခဲ့ပါသည်။

ထို့ပြင် **ဆီဘာန်ဒါလီတရပ်(စ်)နှင့် ရမ်ပရာဆပ် အေအိုင်အာရ် ၁၉၅၅** မာဒယာဘာရတ် ၄၀ အမှုတွင် ဆုံးဖြတ်ထားသည်ကိုလည်း ရည်ညွှန်းကိုးကားခဲ့ပြီးနောက် ယခုအမှုတွင် မူလရုံး၏အမိန့်သည် ပစ္စည်းထိန်းခန့်ရာတွင် ထားရှိအပ်သည့် တရားဥပဒေနည်းလမ်းများနှင့်သော်လည်းကောင်း၊ ဆင်ခြင်တုံတရားနှင့်သော်လည်းကောင်း ကင်းကွာခဲ့သည်ဆိုသော အထောက်အထားမရှိ၍ ဝင်ရောက်စွက်ဖက်ရန်အကြောင်း မပေါ်ပေါက်ဟု တရားရုံးချုပ်က သုံးသပ်၍ ဒေါ်ရီ၏အယူခံမှုကို ပလပ်ခဲ့ပါသည်။

ပြည်သူလူထုကြားတွင် ရာဇဝတ်မှုသည် အထိုက်အလျောက် ကြားဖူးနားဝဖြင့် နားမစိမ်းသော်လည်း တရားမမှုမှာမူ ခပ်စိမ်းစိမ်းဖြစ်ပါသည်။ ထို့အတူ ပစ္စည်းထိန်း ခန့်ထားခြင်းဆိုသည်မှာလည်း များစွာကြားဖူးလှမည်မဟုတ်ပေ။ ယခုအမှုက ပစ္စည်းထိန်းကို မည်သည့်အခြေအနေတွင် မည်သည့် အကြောင်းအရာများကြောင့် တရားရုံးကခန့်ထားရခြင်းဖြစ်ကြောင်း သိရှိနိုင်ကြမည်ဖြစ်ပါသည်။ **ဒေါ်ရီနှင့် မအေးကြည် ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ်-၂၀** ကို ရည်ညွှန်းကိုးကားရေးသား တင်ပြလိုက်ရပါသည်။

**❖ တရားမကျင့်ထုံးအမိန့်-၄၀၊ နည်းဥပဒေ-၁ အရ ပစ္စည်းထိန်းခန့်ထားသည့်အမိန့်မှာ မူလတရားရုံးက ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ချမှတ်ရသည့် အမိန့်မျိုးဖြစ်သည်။ ထိုကဲ့သို့ အမိန့်မျိုးကို မူလရုံးအနေဖြင့် ထင်ရာစိုင်းသည့်သဘောဖြင့်မဟုတ်ဘဲ နှိုင်းနှိုင်းချိန်ချိန် အကျိုးသင့်အကြောင်းသင့် ဆုံးဖြတ်ကာ သတ်မှတ်ခဲ့လျှင် အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်ပေ။ ၎င်းသို့ ချမှတ်ထားသောအမိန့်မှာ တရားရုံးများလိုက်နာအပ်သည့် စည်းကမ်းနည်းလမ်းများနှင့် ညီညွတ်ခြင်းမရှိမှသာ သို့တည်းမဟုတ် ဆင်ခြင်တုံတရားလက်လွတ်ကာ ထင်ရာစိုင်းသည့်သဘော သက်ရောက်နေမှသာ အယူခံရုံးက ပယ်ဖျက်သင့်ပေသည်။ ❖**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၀၀၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဘုတလင် ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၀၀၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် နှမ်းဧက ၅၃၁၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၀၀၅၀ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နှမ်းဧက ၅၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်းတို့ကြောင့် လူမှု စီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် တောင်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဘားအံ ဇူလိုင် ၁၅

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ဆောင်ရွက်ကြစေ လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက တောင်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း၄၉၀ ကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးပုတ်သင်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇွန်လအတွင်း ငါးပုတ်သင်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်းက ငါးပုတ်သင် ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးပုတ်သင်ငါးပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးပုတ်သင်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့အား တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုမိုတင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးပုတ်သင်ပိဿာချိန် ၇၀၀၀၀



ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသပွဲရုံတွေဆီ ငါးပုတ်သင်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အား တက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်" ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးပုတ်သင်များ အပါအဝင် ဒေသထွက် ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျ ထုပ်ပိုးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိတွင် ငါးပုတ်သင်ငါး တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ မှ ၂၂၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ရွာမှတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

စလင်း ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရွာမှတ်ကျေးရွာအုပ်စု ရွာမှတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရွာမှတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ရွာမှတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခု ပထမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို ငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားပြီးစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# သဲကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

သဲကုန်း ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကရင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ကရင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၅၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုတ**

ဗလငါးတန် ဖွံ့ဖြိုးဖို့

စာအုပ်စာပေ ဖတ်ကြစို့

# နယူးဂျာစီပြည်နယ်ကို ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ကြေညာ




**ဝါရှင်တန် ဇူလိုင် ၁၅**

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် နေရာအနှံ့ ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့်အတွက် ရေဘေးအန္တရာယ် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်သည်ဟု နယူးဂျာစီပြည်နယ် ဝန်ကြီးချုပ် ဖီးလ်မာဖီက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လမ်းမကြီးများတွင်လည်း ရေလွှမ်းနေသည့်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍများကို ယာယီရပ်ဆိုင်းထားရပြီး အပြည်ပြည်ဆိုင်ရာ လေဆိပ်တချို့ကိုလည်း ယာယီပိတ်ထားရကြောင်း နယူးဂျာစီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

နယူးဂျာစီပြည်နယ်တွင် ဇူလိုင် ၁၄ ရက်မှစတင်၍ မိုးရေချိန် တစ်နာရီ နှစ်လက်မနှုန်းဖြင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

"မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ နေရာအနှံ့အပြားမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတွေကို ယာယီပိတ်ထားရပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ရပ်ဆိုင်းထားရတဲ့ထိ ဖြစ်ပွားနေတာကြောင့် ရေကြီးရေလျှံမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ ရေဘေးဒဏ်သင့်ဧရိယာမှာနေထိုင်တဲ့ ဒေသခံတွေ အနေနဲ့ မလိုအပ်ဘဲ အပြင်ကိုသွားလာခြင်းမပြုကြဖို့ တိုက်တွန်းထားပါတယ်"ဟု နယူးဂျာစီပြည်နယ် ဝန်ကြီးချုပ် ဖီးလ်မာဖီက ပြောကြားသွားခဲ့သည်။

မိုးရေချိန်မှာဆက်လက်မြင့်တက်လာနိုင်ဖွယ် ရှိနေသည့်အတွက် ရေကြီးရေလျှံမှုအခြေအနေမှာ ပိုမိုဆိုးရွားလာဖွယ် ရှိနေကြောင်း နေရှင်နယ်မိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

အရေးပေါ်အခြေအနေ သတ်မှတ်လိုက်သည့် အတွက်ကြောင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ဖက်ဒရယ်အစိုးရက ကူညီထောက်ပံ့ပေးမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်း ဖြတ်သန်းမှုကြောင့် ဇူလိုင်လမှ ဩဂုတ်လထိ လျှပ်စစ်မီတာခကို လျှော့ပေါ့ပေးသွားမည်

**ဆိုးလ် ဇူလိုင် ၁၅**

တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်နေသည့်အတွက် နေအိမ်နှင့် စီးပွားရေးအဆောက်အအုံများ၌အပူအအေးမျှတအောင်လေအေးပေးစက်များကို အချိန်ပြည့်ဖွင့်ထားရသည့်အတွက် လျှပ်စစ်မီတာခ ကုန်ကျစရိတ် ပိုမိုမြင့်မားလာမည်ဖြစ်သောကြောင့် ပြည်သူများ ကုန်ကျစရိတ်သက်သာစေရန်အတွက် အပူချိန်မြင့်တက်သည့် ဇူလိုင်လမှ ဩဂုတ်လအတွင်း လျှပ်စစ်မီတာခကို လျှော့ပေါ့ပေးသွားမည်ဟု တောင်ကိုရီးယားအစိုးရအဖွဲ့က ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်သည့် အခြေအနေရောက်ရှိနေပြီး တောင်ကိုရီးယားအစိုးရက ကျန်းမာရေးလုံခြုံမှု အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"နိုင်ငံအတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့်ဖြစ်ပေါ်လာတဲ့ အပူချိန်ပမာဏဟာ စံချိန်တင် ပမာဏတစ်ရပ်ကို ရောက်ရှိသွားနိုင်ပါတယ်။ အပူချိန်မြင့်တက်လာမှုနဲ့အတူ လျှပ်စစ်စွမ်းအင်သုံးစွဲမှုနှုန်းကလဲ မြင့်တက်လာတယ်။ မှတ်တမ်းတွေအရ ဇူလိုင် ၈ ရက်တစ်ရက်တည်းမှာတင် ၉၅ ဒသမ ၇ ဂီဂါဝပ်ထိ လျှပ်စစ်စွမ်းအင်သုံးစွဲမှု မြင့်တက်ခဲ့တယ်။ လျှပ်စစ်စွမ်းအင်သုံးစွဲမှုလဲ ဆက်လက်မြင့်တက်လာဖွယ် ရှိနေပါတယ်။ အပူချိန်မြင့်တက်နေတဲ့ ဇူလိုင်လကနေ ဩဂုတ်လအတွင်း လျှပ်စစ်စွမ်းအင်သုံးစွဲမှု ဆက်လက်မြင့်တက်လာမှာဖြစ်တဲ့အတွက် ပြည်သူတွေကုန်ကျစရိတ် သက်သာစေဖို့အတွက် ဒီကာလအတွင်း လျှပ်စစ်မီတာခကို လျှော့ပေါ့ပေးသွားမှာဖြစ်ပါတယ်"ဟု တောင်ကိုရီးယား ကုန်သွယ်ရေး၊ စက်မှုဇုန်၊ စွမ်းအင်နှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ကင်မ်ဝန်အီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ပနားမားနိုင်ငံ ဘူရီကာမြို့တောင်ဘက်တွင် ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့

**ပနားမားစီးတီး ဇူလိုင် ၁၅**

ပနားမားနိုင်ငံ ဘူရီကာမြို့ တောင်ဘက် ၂၁၇ ကီလိုမီတာအကွာတွင် ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု ဇူလိုင် ၁၄ ရက်က လှုပ်ခတ်ခဲ့ကြောင်း ပနားမား ဘူမိဗေဒတိုင်းတာရေးဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါလှုပ်ခတ်ခဲ့သည့် ငလျင်၏ ဗဟိုချက်သည် ဘူရီကာမြို့ တောင်ဘက် ၂၁၇ ကီလိုမီတာအကွာ၊ အနက် ၁၀ ကီလိုမီတာ၊ မြောက်လောင်ဂျီတွဒ် ၆ ဒသမသုည ၈ ဒီဂရီနှင့် အနောက်လတ္တီတွဒ် ၈၂ ဒသမ ၇၂ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ပျက်စီးခဲ့ရသည့်အပြင် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်တချို့ ပြိုလဲခဲ့ရကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့်အတွက်ကြောင့် စိတ်ချရမှုမရှိသော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများရှိကြောင်း၊ အဆိုပါအဆောက်အအုံများကို စစ်ဆေးမှုများပြုလုပ်ပြီးမှ နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ငလျင်သည် အင်အားအနည်းငယ် ပြင်းထန်သော်လည်း လက်ရှိအချိန်ထိ ဆူနာမီသတိပေးချက် ထုတ်ထားခြင်းမရှိသေးကြောင်း သိရသည်။



လတ်တလော လူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရသူများနှင့် ပိတ်မိနေသူတချို့ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# စပိန်နိုင်ငံတွင် အပူလှိုင်းကြောင့် သေဆုံးသူဦးရေ ၁၁၈၀ ထိ ရှိလာ

**မက်ဒရစ် ဇူလိုင် ၁၅**

စပိန်နိုင်ငံတွင် အပူလှိုင်းကြောင့် သေဆုံးသူဦးရေ ၁၁၈၀ ထိရှိလာကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ဇူလိုင် ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မေ ၁၆ ရက်မှ ဇူလိုင် ၁၃ ရက်အတွင်း အပူချိန်မြင့်တက်မှုကြောင့် စပိန်နိုင်ငံတွင် လူဦးရေ ၁၁၈၀ သေဆုံးခဲ့ပြီး ၂၀၂၄ခုနှစ် အလားတူကာလက ၁၁၄ ဦး သေဆုံးမှုနှင့်နှိုင်းယှဉ်ပါက သိသိသာသာ တိုးလာကြောင်း၊ သေဆုံးသူအများစုမှာ အသက် ၆၅ နှစ်အထက်ဖြစ်ပြီး ထက်ဝက်ကျော်မှာ အမျိုးသမီးများ ဖြစ်ကြောင်း၊ ထိခိုက်မှုအရှိဆုံး ဒေသများမှာ နိုင်ငံမြောက်ပိုင်းရှိ Galicia၊ La Rioja၊ Asturias နှင့် Cantabria မြို့တို့ဖြစ်ကြောင်း သိရသည်။

စပိန်နိုင်ငံတွင် ဇူလိုင်လ ပထမပတ်တွင် သေဆုံးမှု အရေအတွက် သိသိသာသာ တိုးလာခဲ့ပြီး ထိုအရေအတွက်သည် မကြုံစဖူး အရေအတွက်ဖြစ်သည့်အတွက် လက်ရှိအချိန်တွင် အနီရောင်သတိပေးချက် ၇၆ ခု ထုတ်ပြန်ခဲ့သည်ဟု အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# ကနေဒါနိုင်ငံတွင် ပြင်းထန်သောအပူချိန်ကြောင့် အပူချိန် သတိပေးချက်များ ထုတ်ပြန်ခဲ့

**အော့တဝါ ဇူလိုင် ၁၅**

ကနေဒါနိုင်ငံတွင် ပြင်းထန်သော အပူချိန်ကြောင့် Environment Canada မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိသူများက အပူချိန်သတိပေးချက်များ ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

Environment Canada ၏ အစီရင်ခံစာအရ အွန်တာရီယိုပြည်နယ်၊ ကွိဘက်ပြည်နယ်၊ အတ္တလန်တိတ်ပြည်နယ်၊ တော်ရွန်တိုမြို့၊ အော့တဝါမြို့၊ မွန်ထရီရယ်မြို့များအပါအဝင် အခြားမြို့နှင့် ပြည်နယ်အများအပြားတွင် ဇူလိုင် ၁၄ ရက် နေ့လယ်ပိုင်းတွင် အပူချိန် သတိပေးချက် အများအပြားကို ထုတ်ပြန်ခဲ့ရကြောင်း သိရသည်။

အပူချိန် သတိပေးချက်များအရ ထိုပြည်နယ်နှင့် မြို့ကြီးများတွင် နေ့အပူချိန်သည် ပုံမှန်အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်မှ ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်မားနိုင်ပြီး အဆိုပါ အခြေအနေသည် ဇူလိုင် ၁၇ ရက်ထိ ဖြစ်ပေါ်နိုင်ကြောင်း နိုင်ငံပိုင် မိုးလေဝသဌာနက ခန့်မှန်းထားသည်။

"အပူလွန်ကဲမှုက လူတိုင်းရဲ့ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါတယ်။ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေနဲ့ ပြင်ပမှာ အလုပ်ထွက်လုပ်ရသူတွေ အထူးဂရုစိုက်ရမဲ့ အခြေအနေဖြစ်တာကြောင့် အခုလို သတိပေးချက်တွေ ထုတ်ပြန်ခဲ့ရတာပါ"ဟု Environment Canadaမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဆင်းရဲမှုလျှော့ချ၍ ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆီသို့

ထူးတင့်ဟန်

၂၁ ရာစုတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် မြို့ပြအသွင်ကူးပြောင်းမှုများ အရှိန်အဟုန်ဖြင့် လျင်မြန်စွာတိုးတက်လာနေပြီး ယခုအခါ ကမ္ဘာ့လူဦးရေ၏ ၅၆ ရာခိုင်နှုန်းကျော်သည် မြို့ကြီးများတွင် နေထိုင်လျက်ရှိကြသည်။ ဤလူဦးရေပုံစံပြောင်းလဲမှုသည် မြို့ပြဆိုင်ရာ သီအိုရီများက "urbanization paradox" ဟုခေါ်ပါသည်။ မြို့ပြများသည် ထူးခြားသော စီးပွားရေးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုဆီသို့ သွားနေချိန်တွင် တစ်ဖက်တွင်လည်း ဆင်းရဲမှုနှင့် ညီမျှမှုမရှိခြင်းတို့က စိန်ခေါ်မှုတစ်ရပ်အနေဖြင့် တည်ရှိနေသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ မြို့ပြနေထိုင်သူ တစ်ဘီလီယံနီးပါးသည် ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်ကြပြီး လုံလောက်သော အိမ်ရာ၊ ရေသန့်နှင့် မိလ္လာသန့်ရှင်းမှုရရှိမှုတို့နှင့် အလှမ်းဝေးနေသည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့နိုင်ငံအချို့ကို လေ့လာ၍ ဆင်းရဲမှုများလျှော့ချ၍ အားကောင်းသည့် ယန္တရားတစ်ခုမှတစ်ဆင့် ရေရှည်တည်တံ့သော မဟာဗျူဟာမြောက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပေါ်လာစေရေးကို လေ့လာဖော်ပြထားသည်။

မြို့ပြဒေသရှိ ဆင်းရဲမှုသည် လူနေမှုစရိတ်မြင့်မားမှု၊ တရားဝင်မဟုတ်သော လုပ်ငန်းဖွဲ့စည်းပုံများနှင့် နေရာဒေသအလိုက် ခွဲခြားဆက်ဆံမှုစသည်တို့တွင် ကျေးလက်ဒေသရှိဆင်းရဲနွမ်းပါးမှုနှင့် ကွာခြားသည်။ ကမ္ဘာ့ဘဏ်၏ ၂၀၂၃ ခုနှစ် မြို့ပြဆင်းရဲမှုအစီရင်ခံစာတွင် ဖော်ပြထားသည်မှာ မြို့ပြပတ်ဝန်းကျင်တွင် သိပ်သည်းဆများသော လူနေမှုစနစ်ကြောင့် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖန်တီးပေးသည်။ သမားရိုးကျ ဆင်းရဲမှု အစီအမံများသည် ဝင်ငွေတစ်ခုတည်းကိုသာ အာရုံစိုက်ပြီး ဘက်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်နေသည်။

တရားမဝင်ကျူးကျော် နေထိုင်မှုများသည် မြို့ပြဆင်းရဲမှု၏ လက္ခဏာကို ကိုယ်စားပြုနေသည်။ ကင်ညာနိုင်ငံရှိ နိုင်ရိုဘီမြို့၊ အိန္ဒိယနိုင်ငံရှိ မွန်ဘိုင်းမြို့၊ ဘရာဇီးနိုင်ငံရှိ ရီယိုဒီဂျနေးရိုးမြို့တို့သည် စနစ်တကျအစီအစဉ်ဆွဲထားခြင်းမရှိဘဲ လျင်မြန်လာသော မြို့ပြချဲ့ထွင်မှုသည် ပြန့်ကျဲနေသော ဆင်းရဲသော ရပ်ကွက်များကို ပေါ်ပေါက်လာစေသည်။ ဤဒေသများသည် များသောအားဖြင့် ကျေးလက်-မြို့ပြရွှေ့ပြောင်းနေထိုင်မှု၊ အားနည်းသော အုပ်ချုပ်ရေးစနစ်နှင့် စီးပွားရေးအားနည်းမှုတို့မှတဆင့် ပေါ်ပေါက်လာတတ်သည်။ မူဝါဒချမှတ်သူများအတွက် စိန်ခေါ်မှုမှာ လက်ရှိလူမှုရေးကွန်ရက်များနှင့် စီးပွားရေးလုပ်ငန်းများကို မထိခိုက်စေဘဲ အဆိုပါ အခြေချနေထိုင်မှုများကို အဆင့်မြှင့်တင်ပေးရေးဖြစ်သည်။

**ဘရာဇီးနိုင်ငံ**

ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေးရိုးမြို့တွင် ပြုလုပ်သော Slum to Neighborhood အစီအစဉ်သည် ဆင်းရဲသော ရပ်ကွက်များကို အဆင့်မြှင့်တင်ပေးခြင်းသည် မြို့ပြဆင်းရဲမှုကို အောင်မြင်စွာ လျှော့ချပေးနိုင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့သော အဆိုပါအစီအစဉ်သည် ဆင်းရဲသောရပ်ကွက်များကို ဖယ်ရှားခြင်းမပြုဘဲ ရပ်ရွာများကို စနစ်တကျပေါင်းစည်းပေးခဲ့သည်။ အခြေခံအဆောက်အအုံများ မြှင့်တင်မှုများကို လူမှုရေးအစီအမံများဖြင့် ဆင်းရဲသောရပ်ကွက်တစ်လျှောက်တွင် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ရင်းနှီးမြှုပ်နှံခဲ့သည်။ ရလဒ်အနေဖြင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဘဏ်၏ အကဲဖြတ်ချက်အရပါဝင်နေသော အဆိုပါဒေသများတွင် အလွန်အမင်းဆင်းရဲမှု ၆၀ ရာခိုင်နှုန်း လျော့ကျသွားသည်ကို တွေ့ရှိရသည်။ မွေးကင်းစကလေးသေဆုံးမှုနှုန်းမှာ ၃၅ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပြီး ကျောင်းတက်ရောက်မှုနှုန်းသည်လည်း ၂၂ ရာခိုင်နှုန်းတိုးလာသည်။ အထူးခြားဆုံးမှာ အဆိုပါဒေသရှိ အိမ်ခြံမြေတန်ဖိုးများမှာ ၈၀ မှ ၁၂၀ ရာခိုင်နှုန်းသို့မြင့်တက်ခဲ့ပြီး ယခင်ကဆင်းရဲသော နေထိုင်သူများအတွက် ကြွယ်ဝချမ်းသာမှုကို ဖန်တီးပေးနိုင်ခဲ့သည်။ ၎င်းအစီအစဉ်၏ အောင်မြင်မှုသည် ၎င်း၏ပေါင်းစည်းမှုဗျူဟာဖြစ်သော အိမ်များကို ဆောက်လုပ်ပေးရုံသာမက နေထိုင်သူများအတွက် သင့်လျော်သော သန့်ရှင်းရေး၊ သယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှုနှင့် ရပ်ရွာနေရာများပါရှိသော ရပ်ကွက်များကိုပါ ဖန်တီးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

**အိန္ဒိယနိုင်ငံ**

အိန္ဒိယနိုင်ငံ၏ ရည်မှန်းချက်ကြီးမားသော Pradhan Mantri Awas Yojana(PMAY) အစီအစဉ်သည် မြို့ပြဆင်းရဲမှုလျှော့ချရေးတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သော အဆိုပါအစီအစဉ်သည် နေအိမ်ပေါင်း ၁၂ သန်းကျော်ကို ဖျက်သိမ်းအရေးယူခဲ့သည်။ ၎င်းအစီအစဉ်၏ ဆန်းသစ်တီထွင်မှုသည် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဆင်းရဲသားရပ်ကွက်များ ပြန်လည်ထူထောင်ရေး၊ တတ်နိုင်သော အိမ်ရာချေးငွေဆိုင်ရာ ထောက်ပံ့မှုများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အကျိုးခံစားခွင့်များ ဖြစ်ပေါ်စေသော ဆောက်လုပ်ရေးလုပ်ငန်းများ တည်ထောင်ပေးရေးတို့ပါဝင်သည်။

အစီအစဉ်၏သက်ရောက်မှုသည် အိမ်ရာရည်မှန်းချက်ထက် ကျော်လွန်သည်။ အမှုအခင်းများ၏ ၇၅ ရာခိုင်နှုန်းတွင် အမျိုးသမီးများ၏ ပူးတွဲပိုင်ဆိုင်ခွင့်ကို ပြဋ္ဌာန်းပေးထားခြင်းဖြင့် အမျိုးသား၊အမျိုးသမီးတန်းတူညီမျှမှုကို မြှင့်တင်ပေးသည်။ ပရောဂျက်အားလုံးတွင် အခြေခံအဆောက်အအုံများဖြစ်သည့် ရေ၊ မိလ္လာနှင့် လျှပ်စစ်ဓာတ်အားပါဝင်မှုသည် လူနေမှုအဆင့်အတန်းကို အတိုင်းအတာတစ်ခုအထိ တိုးတက်စေသည်။ သို့ရာတွင် မြေယာသိမ်းမှုနှင့် သိပ်သည်းဆများသော မြို့များတွင် အိမ်ရာချဲ့ထွင်မှုများတွင် စိန်ခေါ်မှုများရှိနေသေးသည်။ ထို့ကြောင့် အစုလိုက်အပြုံလိုက် အိမ်ရာဖြေရှင်းနည်းများသည် မြို့ပြရှုခင်းများတွင် ဒေသအလိုက် လိုက်လျောညီထွေဖြစ်စေမည့် အကောင်အထည်ဖော်မှု မူဘောင်များလိုအပ်သည်။

**စင်ကာပူနိုင်ငံ**

စင်ကာပူနိုင်ငံသည် ကျူးကျော်နေထိုင်သူများ လွှမ်းမိုးနေသော ဆိပ်ကမ်းမြို့မှ ကမ္ဘာလုံးဆိုင်ရာ မြို့ပြဖွံ့ဖြိုးတိုးတက်မှုပုံစံသို့ အသွင်ပြောင်းနိုင်ခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် တည်ထောင်ခဲ့သော Housing Development Board (HDB) စနစ်သည် စင်ကာပူနိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းကျော်ကို အရည်အသွေးပြည့်ဝသော ပြည်သူ့အိမ်ရာများ ဆောင်ရွက်ပေးခဲ့ပြီး ၉၀ ရာခိုင်နှုန်းကျော်မှာ အိမ်ပိုင်ဆိုင်နိုင်လာပြီး တစ်ကမ္ဘာလုံးတွင် အိမ်ပိုင်ဆိုင်မှုအမြင့်ဆုံးနှုန်းထားဖြစ်လာသည်။ ဆန်းသစ်တီထွင်မှုကောင်းသော မူဝါဒသုံးခုသည် အထူးအကျိုးသက်ရောက်မှုရှိစေခဲ့သည်။ ပထမနည်းလမ်းမှာ Central Provident Fund (CPF) သည် နိုင်ငံသားများကို မဖြစ်မနေလုပ်ခလစာ ဖြတ်တောက်ခြင်းဖြင့် အိမ်ရာအတွက် စုဆောင်းနိုင်စေခဲ့သည်။ ဒုတိယနည်းလမ်းမှာ လူမျိုးစုပေါင်းစည်းရေးမူဝါဒသည် အိမ်ရာများတွင် မျှတသော လူမျိုးရေးဖွဲ့စည်းမှုစနစ်ကို ပြဋ္ဌာန်းခြင်းဖြင့် တိုင်းရင်းသားနယ်မြေများကို ကာကွယ်ထားသည်။ တတိယနည်းလမ်းမှာ စဉ်ဆက်မပြတ်အဆင့်မြှင့်တင်ခြင်းအစီအစဉ် (Main Upgrading Program and Home Improvement Programme) သည် သက်ကြီးရွယ်အိုအိမ်ရာများကို ခေတ်မီပြီး နေထိုင်နိုင်စေရန် ဆောင်ရွက်ပေးခဲ့သည်။ စင်ကာပူနိုင်ငံ၏ ဆင်းရဲမှုနှုန်းသည် ၁၀ ရာခိုင်နှုန်းအောက်တွင်ရှိနေခဲ့သော်လည်း ဤအိမ်ရာမူဝါဒများဖြင့် လျော့ပါးသွားခဲ့ရသည်။ အရေးကြီးသော အချက်မှာ ပြည်သူ့အိမ်ရာများကို စနစ်တကျဒီဇိုင်းဆွဲထိန်းသိမ်းထားသည့်အခါ ပိုင်ဆိုင်မှုတစ်ခုအဖြစ်တန်ဖိုးထားတတ်လာပြီး မျိုးဆက်အလိုက် ကြွယ်ဝချမ်းသာမှုကို ဖန်တီးနိုင်လာသည်။



အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့ကို တွေ့ရစဉ်။

ထိရောက်သော မြို့ပြစီမံကိန်းသည် အောင်မြင်သော ဆင်းရဲမှုလျှော့ချရေး၏ ကျောရိုးအနေဖြင့် ကိုယ်စားပြုနေသည်။ အထက်ပါ မြို့များကို လေ့လာခြင်းဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများ ပြုလုပ်ရာတွင် နေရာများကို ထိရောက်စွာ ခွဲဝေပေးခြင်း၊ နေထိုင်သူများကို အခွင့်အလမ်းများနှင့် ချိတ်ဆက်ပေးခြင်းနှင့် နေထိုင်နိုင်သော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းတို့ ပြုလုပ်ရမည်ဖြစ်သည်။ ဘရာဇီးနိုင်ငံရှိ ကျူရီတီဘာမြို့နှင့် ကိုလံဘီယာနိုင်ငံရှိ မက်ဒလင်မြို့ကြီးတို့ကဲ့သို့ မြို့ကြီးများသည် ဆင်းရဲသားများအတွက် ဆန်းသစ်သော အကူးအပြောင်းစနစ်များက အခွင့်အလမ်းများအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။ Bus Rapid Transit (BRT) စနစ်များသည် အိမ်ရာမူဝါဒများနှင့် ကောင်းမွန်စွာ ပေါင်းစပ်ထားသောအခါတွင် အလုပ်အကိုင်နှင့် ဝန်ဆောင်မှုများ လက်လှမ်းမီမှု သိသိသာသာ တိုးတက်လာသည်။

အရေးကြီးသည်မှာ သီးခြားနေထိုင်သည့် ဆင်ခြေဖုံးရပ်ကွက်များ ဖျက်သိမ်းပေးပြီး လူပေါင်းစုံရောနှောနေထိုင်နိုင်သည့် ဇုန်သတ်မှတ်ပေးရမည်ဖြစ်သည်။ စင်ကာပူနိုင်ငံ၏ စီမံကိန်းများသည် ရပ်ကွက်များအတွင်း အိမ်ရာအမျိုးအစားများကို ရည်ရွယ်ချက်ရှိရှိ ရောနှောခြင်း၊ အိန္ဒိယ၏ အစီအစဉ်သည် အိမ်ရာစီမံကိန်းများတွင် စီးပွားဖြစ်နေရာများ ဖန်တီးပေးခြင်းများ ပြုလုပ်ပေးသည်။ ထို့ကြောင့် ဆင်းရဲမှုလျှော့ချရေးတွင် အိမ်ရာသာမက စီးပွားရေးအခွင့်အလမ်းများ ရရှိရေးလိုအပ်ကြောင်း တွေ့ရှိရသည်။

မြို့ပြဆင်းရဲမှုကို လျှော့ချရာတွင် အိမ်ရာများမြှင့်တင်ပေးခြင်းတစ်ခုတည်းဖြင့် အောင်မြင်မည်မဟုတ်ဘဲ စီးပွားရေးအခွင့်အလမ်းများ မြှင့်တင်ရန်ပြိုင်တူ အားထုတ်မှုမျိုးပါလိုအပ်သည်။ အောင်မြင်ဆုံးသော စီမံချက်များသည် ဒေသရှိနေထိုင်သူများအတွက် အလုပ်အကိုင်ဖန်တီးမှု ဗျူဟာများနှင့် ပေါင်းစပ်ထားသည်။ အထက်ပါ နိုင်ငံများကို လေ့လာ၍ မြို့ပြဆင်းရဲမှုကိုလျှော့ချ၍ ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်လာစေရန် အိမ်ရာ၊ အခြေခံအဆောက်အအုံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ပေါင်းစပ်ထားသည့် ပေါင်းစပ်ချဉ်းကပ်မှု နည်းလမ်းများကို ကျင့်သုံးခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရာတွင် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုရှိခြင်း၊ ရှင်းလင်းသော တာဝန်ခံမှုယန္တရားများဖြင့် မြို့ပြအုပ်ချုပ်ရေးကို အားကောင်းစေခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုပေးအပ်ခြင်းအတွက် သင့်လျော်သော နည်းပညာအသုံးပြုခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှုကို ဦးစားပေးဆောင်ရွက်ခြင်းနှင့် ရေရှည်ရလဒ်များကို ခြေရာခံရန် ခိုင်မာသော စောင့်ကြည့်ရေးစနစ်များ ထူထောင်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


၁။ https://unhabitat.org/world-cities-report-2022

၂။ https://www.worldbank.org/en/topic/urbandevelopment/publication/urban-poverty-inequality

၃။ https://www.hdb.gov.sg/about-us/news-and-publications/annual-report

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ကေ ၁၉၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တမူး ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ကေ ၁၉၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် ဟင်းသီးဟင်းရွက် ၃၃၃၅ ကေ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြို့သစ်မြို့နယ်တွင် ကေ ၄၁၀၊ တမူးမြို့နယ်တွင် ၈၆၅ ကေ၊ ခါမ်းပါတ်မြို့တွင် ၆၅၅ ကေ စုစုပေါင်းကေ ၁၉၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဟင်းသီးဟင်းရွက်ကေ ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါတယ်။ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးနေတယ်"ဟု တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ် တွင် ကေ ၈၇၀၊ တမူးမြို့နယ်တွင် ၉၄၅ ကေ၊ ခါမ်းပါတ်မြို့တွင် ၁၅၂၀ ကေ စုစုပေါင်း ၃၃၃၅ ကေတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကိုအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် ဇူလိုင် ၁၅**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင်၁၄ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၁၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

## စာပေမြင့်မှ လူမျိုးတင့်မည်















## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၈)နေ ကျော်လင်း (ဘ) ဦးကျန်ရီစန်း(၁၃/လရန(နိုင်)၁၉၉၀၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-250023)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၀၅၄၉၇၉၉

## ပျောက်ဆုံးကြောင်း

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဦးဘွားလမ်း၊ အိမ်အမှတ် (၅/၂၈) နေ ဦးဝေယံမင်းအောင် (ဘ) ဦးခင်မောင်အေး(၉/ပမန(နိုင်)၂၃၆၈၈၉) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၆၃၆၃၃၆၃၅

## အဖိုးတန်

## ရေချိုကို

## ချွေတာပါ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ

လိုအပ်သည်ဟု ခံစားနေရပါက

သတင်းအချက်အလက်မျှဝေရာစင်တာသို့

ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးမင်းခန့်၏သား မောင်စူးရှအောင်အား မောင်မွန်းအောင်ခန့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မွန်းအောင်ခန့်(၉/အမဇ(နိုင်)၁၁၉၂၆၀)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့၊ အမှတ်(၈)ရပ်ကွက်နေ ဦးမောင်လေး၏သား ဦးစိန်ရွှေ(ဘ)ဦးမြင့်ကျော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစိန်ရွှေ (ဘ) ဦးမြင့်ကျော်(၉/မခန(နိုင်)၀၆၉၉၃၇)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-11 (စံပယ်)ခန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းသန့်ဇင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးဖြစ်ပါကြောင်း။

ဦးစိုး(၉/ကဆန(နိုင်)၁၂၂၁၅၀)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့၊ အမှတ်(၈)ရပ်ကွက်နေ ဦးစိန်ရွှေ၏သမီး ဒေါ်မေစိုးစိုးကျော် (ခ) ဒေါ်စိုးစိုးဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်မေစိုးစိုးကျော် (ခ) ဒေါ်စိုးစိုးဝင်း(၉/မခန(နိုင်)၀၀၅၇၂၁)

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ပေါက်အင်းကျေးရွာနေ မောင်ကျော်စိုးမင်း(ဘ) ဦးစိုးဝင်းကျော်(၉/ပဘန(နိုင်)၂၉၂၂၉၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၇၀၁၅၇၈၂






❖ **စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...**

❖ **ထို့ကြောင့် ဒေသရှိ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်း ရုရှားနိုင်ငံသားများ အထူးစိတ်ဝင်စားမှုရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကား




**နေပြည်တော် ဇူလိုင် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်ထိ "In Siberia–THERE is!" ခေါင်းစဉ်ဖြင့် ကျင်းပသော အစားအစာနှင့် ခရီးသွားပြပွဲတွင် ပါဝင်ခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းသည် ရုရှားနိုင်ငံသားများနှင့် နိုဗိုစီဗစ်မြို့သူမြို့သားများ၏ အထူးစိတ်ဝင်စားမှုကို ရရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကားခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းသို့

စာမျက်နှာ ၁၉ ကော်လံ ၁ ☆





